သမဏာနဉ္စ ဒဿနံ ဧတံ မင်္ဂလမုတ္တမံ၊ ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သောမင်္ဂလာမည်၏။


# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၄ ရက်၊ ၂၀၀၄ ခုနှစ်၊ ဧပြီ ၃ ရက်၊ စနေနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၈၆)


## ဆွမ်း၊ သစ်သီး၊ ဆီမီး၊ ပန်းရေချမ်းနံ့သာတို့ဖြင့် ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင် ဧရာဝတီတိုင်း ဇလွန်မြို့ရှိ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီးအား ဆွမ်း၊ သစ်သီး၊ ဆီမီး၊ ပန်းရေချမ်းနံ့သာတို့ဖြင့် ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

## ဟိုင်းကြီးကျွန်းနှင့်ပတ်ဝန်းကျင်ဒေသတစ်ခုလုံး တိုးတက်ဖွံ့ဖြိုးလာအောင်ဆောင်ရွက်

★ နိုင်ငံတော်အပိုင်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို အားဖြည့်စီမံ ဆောင်ရွက်ပေးသွားမည်။

★ အထူးသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်(၅)ရပ်ကို လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည်ဖော်သွားခြင်းဖြင့် ဟိုင်းကြီးကျွန်းနှင့်ပတ်ဝန်းကျင်ဒေသ တစ်ခုလုံး တိုးတက်ဖွံ့ဖြိုးလာအောင် လုပ်ကိုင်ဆောင်ရွက်။

★ ဒေသအတွင်း သွားရေး လာရေး လွယ်ကူချောမွေ့စေရေးအတွက် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်အောင် ဒေသခံပြည်သူများနှင့် ပူးပေါင်းအကောင်အထည်ဖော်သွားကြ။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

## ဟိုင်းကြီးကျွန်းဒေသသည်နိုင်ငံတော်၏ပင်လယ်ပြင်နယ်နိမိတ်နှင့်ဆက်စပ်တည်ရှိနေ တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့်ဒေသဖွံ့ဖြိုးရေးအားထည့်တွက်ထူထောင်

## နယ်မြေခံပြည်သူများမိမိတို့နယ်မြေမိမိတို့နိုင်ငံတော်ကို မိမိတို့ကိုယ်တိုင်ကာကွယ်ကြရမည်

ရန်ကုန် ဧပြီ ၂

ဧရာဝတီတိုင်း ပုသိမ်မြို့တွင် ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်၊အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဧပြီ၁ရက် နံနက်၉နာရီခွဲတွင် ပုသိမ်မြို့မှ ငပုတောမြို့နယ် မော်တင်စွန်းရှိ မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်သို့ ရဟတ်ယာဉ်များဖြင့်ရောက်ရှိကြရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းဦးစီးဗိုလ်မှူးကြီး ဗိုလ်မှူးကြီးတင့်ဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်အား ပန်း၊ ဆီမီး၊ ရေချမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် စေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁ သို့* ▶

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

## မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဧပြီလ ၃ ရက်)

# အလားအလာရှိသည့် ပျော့ဖတ်နှင့်စက္ကူစက်မှုလုပ်ငန်း ကျွမ်းကျွမ်းကျင်ကျင် လည်ပတ်ထုတ်လုပ်နိုင်ရေးကြိုးပမ်း

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းသည် ပြည်တွင်းစက္ကူလိုအပ်ချက် ဖြည့်ဆည်းနိုင်ရေးနှင့် သွင်းကုန်အစားထိုးနိုင်ရေးအတွက် တစ်နေ့ တန် ၂၀၀ ပျော့ဖတ်စက်ရုံစီမံကိန်း (သာပေါင်း)ကို သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာအနီးတွင် တည်ဆောက်လျက်ရှိသည်။

စီမံကိန်းလုပ်ငန်းများကို ၂၀၀၁ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စက်ရုံတည်ဆောက်ရေးလုပ်ငန်း ၉၈ ရာခိုင်နှုန်း၊ စက်တပ်ဆင်ရေးလုပ်ငန်း ၇၂ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်သည်။ ၂၀၀၄ ခုနှစ် ဇူလိုင်လတွင် စက်စမ်းသပ်လည်ပတ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များနှင့်အတူ မတ်လ ၃၁ ရက်နေ့က သာပေါင်းမြို့နယ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၏ တစ်နေ့ တန် ၂၀၀ ပျော့ဖတ်စက်ရုံစီမံကိန်း (သာပေါင်း)သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် သက်ဆိုင်ရာတာဝန်ရှိသူများက စီမံကိန်း၏ ရင်းနှီးမြှုပ်နှံမှုအခြေအနေများ၊ စီမံကိန်းတွင် ဆောက်လုပ်ရေးနှင့် စက်တပ်ဆင်ရေးလုပ်ငန်းများ၏ အပိုင်းလိုက် လုပ်ငန်းဆောင်ရွက်ချက်နှင့် ပြီးစီးမှုအခြေအနေများ၊ ဝါး၊ ဆား၊ ထုံးကျောက်၊ လျှပ်စစ်ဓာတ်အား၊ မီးထိုးဆီနှင့် သဘာဝဓာတ်ငွေ့ လိုအပ်ချက်များ၊ ကုန်ကြမ်းဝါးရရှိရေး စီစဉ်ဆောင်ရွက်ထားမှုများကို လည်းကောင်း၊ သာပေါင်းစက်ရုံစီမံကိန်းအတွက် သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အားဖြည့်ဆည်းပေးနိုင်မည့် အခြေအနေများကိုလည်းကောင်း၊ စက်ရုံသို့ ကုန်ကြမ်းဝါး သယ်ယူနိုင်မည့် ရေလမ်း၊ ကုန်းလမ်းအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင်–

**“ဤစက်ရုံတည်ဆောက်မှု အတွေ့အကြုံများကိုအခြေခံ၍ နောင်တည်ဆောက်သွားမည့် ပျော့ဖတ်နှင့် စက္ကူစက်ရုံများ၏ တည်ဆောက်သွားသင့်သည့် နေရာဒေသများအပြင် တည်ဆောက်သွားသင့်သည့် စက်အင်အားပမာဏတို့ကို သုံးသပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပျော့ဖတ်နှင့် စက္ကူစက်မှုလုပ်ငန်းသည် အလားအလာရှိသည့် စက်မှုလုပ်ငန်းဖြစ်ကြောင်း”**

မှာကြားသည်။

တစ်နေ့တန် ၂၀၀ ပျော့ဖတ်စက်ရုံစီမံကိန်း(သာပေါင်း)ကို အခြေခံ၍ တစ်နေ့တန် ၅၀ အဆင့်မြင့် စက္ကူစက်ရုံစီမံကိန်း(သာပေါင်း)၊ တစ်နေ့ တန် ၆၀ သတင်းစာစက္ကူစက်ရုံစီမံကိန်း (သာပေါင်း)နှင့် မီးထိုးဆီသိုလှောင်ကန် တည်ဆောက်ရေးစီမံကိန်းများကို ဆက်စပ် အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း သိရသည်။

တစ်နေ့ တန် ၂၀၀ ပျော့ဖတ်စက်ရုံမှာ ကြီးမားသည့်စက်ရုံကြီးဖြစ်၍ စက်ရုံကို ကျွမ်းကျွမ်းကျင်ကျင် နိုင်နိုင်နင်းနင်း ကိုင်တွယ်လည်ပတ် ကုန်ထုတ်လုပ်နိုင်ရန် လိုပေသည်။

ထို့အတူ စက်ရုံသို့ ကုန်ကြမ်းဝါးများ အချိန်မီသယ်ယူရောက်ရှိရေးအတွက် နည်းလမ်းများ ရှာကြံထားရမည်ဖြစ်သကဲ့သို့ လိုအပ်သောကုန်ကြမ်းဝါး စဉ်ဆက်မပြတ်ရရှိစေရေးအတွက်လည်း စီမံချက်ချမှတ်၍ ဝါးစိုက်ခင်း၊ သစ်စိုက်ခင်းများ စနစ်တကျ စိုက်ပျိုးထူထောင်သွားကြရမည်ဖြစ်သည်။

တစ်နေ့ တန် ၂၀၀ ပျော့ဖတ်စက်ရုံ စီမံကိန်း(သာပေါင်း)မှ ထွက်ရှိလာသည့် ပျော့ဖတ်နှင့် စက္ကူ များကို သုံးစွဲသူများထံ မြန်မြန်ဆန်ဆန်ရောက်ရှိရေးအတွက်လည်း သယ်ယူပို့ဆောင်ရေးအစီအမံများကို ကြိုတင်စီစဉ် ဆောင်ရွက်ထားကြရမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ ပျော့ဖတ်နှင့် စက္ကူစက်မှုလုပ်ငန်းသည် အလားအလာရှိသည့်အလျောက် ကုန်ကြမ်းဝါးများ စဉ်ဆက်မပြတ်ရရှိရေးနှင့် စက်ရုံကို ကျွမ်းကျွမ်းကျင်ကျင် လည်ပတ်ထုတ်လုပ်နိုင်ရေး တာဝန်ရှိသူအသီးသီးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်း ရေးသား လိုက်ရပါသည်။ ။

မတ် ၂၈ ရက်က တာမွေမြို့နယ်ဗျိုင်းရွာမရပ်ကွက်ဥက္ကဋ္ဌ ဦးအုံးလွင်နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်အေးအေးခိုင်တို့ ဦးစီး၍ သားဖွားဆေးရုံအတွက် တန်ဖိုး ငွေကျပ်ခုနစ်သောင်းတန် မီးစက်တစ်လုံးနှင့် အသက် ၆၅ နှစ်အထက် ဘိုးဘွားစောင့် ရှောက် မှုလုပ်ငန်း အတွက် အလှူငွေ ကျပ်တစ်သောင်းကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ လှူဒါန်းရာ ဥက္ကဋ္ဌ ဒေါ်မာလာတင် လက်ခံယူစဉ်။ (က–ပ)

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဧပြီ ၁ ရက်က စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ကျင်းပသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် စာရင်းစစ်ချုပ်ရုံးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား စာရင်းစစ်ရုံးတို့အကြား ချုပ်ဆိုမည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

## စာရင်းကိုင်၊ ကွန်ပျူတာနှင့် ရုံးလုပ်ငန်းသင်တန်းများဖွင့်မည်

**ရန်ကုန် ဧပြီ ၂**

သမဝါယမဝန်ကြီးဌာန သမဝါယမကူးသန်းရောင်းဝယ်ရေးသင်တန်းကျောင်းများတွင် အမှတ်စဉ် ၁/၂၀၀၄–၂၀၀၅ စာရင်းကိုင်သင်တန်း၊ ကွန်ပျူတာသင်တန်းနှင့် ရုံးလုပ်ငန်းသင်တန်းများကို ဧပြီလအတွင်း ဖွင့်လှစ်မည်ဖြစ်ရာ အနိမ့်ဆုံး ပညာအရည်အချင်းအဖြစ် အခြေခံပညာအထက်တန်း သင်ယူမှုအဆင့်ရှိသူများ လျှောက်ထားနိုင်သည်။

အသေးစိတ်သိရှိလိုပါက ရန်ကုန်မြို့အတွက် ၁၂၃ နတ်မောက်လမ်း ဗဟန်းတွင်လည်းကောင်း၊ မန္တလေးမြို့အတွက် ၁၆၉၊ ၈၃လမ်း စစ်ကိုင်းတန်းတွင်လည်းကောင်း၊ မော်လမြိုင်မြို့အတွက် အထက်လမ်းကြီး ရွှေတောင်ရပ်တွင်လည်းကောင်း သက်ဆိုင်ရာ ကျောင်းအသီးသီး၌ စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

## သတိပဋ္ဌာန်တရားဟောကြားမည်

**ရန်ကုန် ဧပြီ ၂**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာစည် သာသနာ့ရိပ်သာ သဒ္ဓါအေးကျောင်း ဆရာတော် ဘဒ္ဒန္တပညာဇောတ (သာသနဓဇ ဓမ္မာစရိယ၊ မဟာစည် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြု)သည် ဧပြီ ၇ ရက်ည ၇ နာရီတွင် သာကေတမြို့နယ် ၁/ ထူပါရုံရပ်ကွက် ဆေးရုံလမ်း ဓမ္မသဘင်မဏ္ဍပ်၌ လည်းကောင်း၊ ဧပြီ ၈ ရက်မှ ၁၇ ရက်အထိ သာကေတမြို့နယ် ၁၀ ရပ်ကွက် သီရိမင်္ဂလာ ဗောဓိရိပ်သာ၌လည်းကောင်း သတိပဋ္ဌာန်တရားတော်များ ဟောကြားပြသမည် ဖြစ်ကြောင်း သိရသည်။ (က–ပ)

## မှုခင်းကျဆင်းရေးလုပ်ငန်း အထောက်အကူပြုပစ္စည်းများဝယ်ရန် ငွေလှူ

**ရန်ကုန် ဧပြီ ၂**

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန် (အရှေ့ပိုင်း)ခရိုင် မင်္ဂလာတောင်ညွန့်ရဲစခန်းနယ်မြေအတွင်း မှုခင်းကျဆင်းရေးလုပ်ငန်းအထောက်အကူပြု ပစ္စည်းများဝယ်ရန်နှင့် တပ်ဖွဲ့ဝင်များအတွက် ဝတ်စုံဝယ်ရန်အတွက် ငွေကျပ်ငါးသိန်း လှူဒါန်းပွဲကိုမတ် ၂၄ ရက်ညနေပိုင်းက မြို့နယ် ရဲတပ်ဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ဝင်း၊ အလှူရှင် အာရှအက်စ်ပရက်စ် ကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးကိုလေး၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းငွေ၊ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် ရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင်က လှူဒါန်းရခြင်းကို ရှင်းလင်းတင်ပြပြီး အလှူငွေကျပ်ငါးသိန်းကို ခရိုင် ရဲတပ်ဖွဲ့မှူးအား ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)** ထို့နောက် ခရိုင် ရဲတပ်ဖွဲ့မှူးက ဂုဏ်ပြုလွှာပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သစ္စာလေးပါး တရားဟောမည်

**ရန်ကုန် ဧပြီ ၂**

ရန်ကုန်တိုင်း မှော်ဘီမြို့ မြို့မ (၂)ရပ်ကွက် ဇမ္ဗူထိပ်မဟာအတုလ ကျောင်းတိုက်၌ ဧပြီ ၁၁ ရက်မှ ၁၇ရက်အထိ နယ်လှည့်ဓမ္မကထိက ဇမ္ဗူထိပ်ဆရာတော် ဘဒ္ဒန္တ ဝိသာရဒ အရှင်သူမြတ်က ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါး အလုပ်ပေး တရားတော်ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

# ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

**အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မကွေးဆေးတက္ကသိုလ် ဇီဝကမ္မဗေဒ လက်တွေ့ခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)**

☆ **ကျောဖုံးမှ**

ရှေးဦးစွာ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များအား ရှင်းလင်းခန်းမ၌ ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၃)ညွှန်ကြားရေးမှူးဦးထွန်းအောင်လွင်ကကြီးအုံ-ကြီးဝရေလှောင်တမံ စီမံကိန်းဆိုင်ရာအချက်အလက်များ၊ စီမံကိန်းပြီးစီးပါက နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ၃၀၀ကီလိုဝပ်နာရီ သန်းပေါင်းထုတ်လွှတ်နိုင်မည့်အခြေ အနေနှင့်လုပ်ငန်းဆိုင်ရာလိုအပ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးကျော်စန်ဝင်းက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

### ဆင့်ကဲဆင့်ကဲကြီးကြပ်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီ ဥက္ကဋ္ဌနိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မိမိတို့သည် တည်ဆောက်ရေးဆိုင်ရာ အတွေ့အကြုံများ၊ အရည်အချင်းများ ထိုက်သင့်သလောက်ရရှိနေကြပြီဖြစ်ရာတည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုကြရသည့် လုပ်ငန်းသုံး ယန္တရားများ၊ ပစ္စည်းများ၊ စက်သုံးဆီများကို အတတ်နိုင်ဆုံးအလေအလွင့် အဖိတ်အစဉ်ဆုံးရှုံးမှုမရှိလေအောင် သုံးစွဲလုပ်ကိုင်သွားကြရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများအားလုံး အရည်အသွေးစံချိန်စံညွှန်းနှင့်အညီ မြန်မြန်ဆန်ဆန်ပြီးစီးအသုံးပြုနိုင်ရေး အတွက်ဝန်ထမ်းတိုင်းတာဝန်ကျေပွန်စွာထမ်းဆောင်ကြရမည့်အပြင် စိတ်ဓာတ်ပိုင်းဆိုင်ရာကောင်းမွန်ရေးအတွက် ဌာနဆိုင်ရာအကြီးအကဲများက ဆင့်ကဲဆင့်ကဲကြီးကြပ်ကွပ်ကဲသွားကြရန်လိုကြောင်းဖြင့်မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် ကြီးအုံ-ကြီးဝ ရေလှောင်တမံတည်ဆောက်ရေးလုပ်ငန်းတွင်ပါဝင်သည့် ရေစိမ့်တားနံရံကာကွယ်ခြင်းလုပ်ငန်းနှင့်မုန်းချောင်း ရေလွှဲမြောင်းတည်ဆောက်ခြင်း လုပ်ငန်းတို့တွင် စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းကို မကွေးတိုင်း ပွင့်ဖြူမြို့နယ်၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ပွင့်ဖြူမြို့နယ်ရှိ မဲဇလီရေလွှဲဆည်၏အထက်ဘက် ငါးမိုင်ခန့်အကွာ၊ စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်း၏ အောက်ဘက် ၁၅ မိုင်ခန့်အကွာ ဝန်လိုကျေးရွာအနီး မုန်းချောင်း၌ အမြင့် ၁၆၄ ပေ၊ အလျားပေ ၃၂၈၀ ရှိ ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းကို အကောင်အထည် ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

### ဘက်စုံစီမံကိန်း

မုန်းချောင်းရေလှောင်တမံမှ လျှပ်စစ်ဓာတ်အားအတွက် ထုတ်လွှတ်ပေးသောရေကို ရေလှောင်တမံနှစ်ခု အကြား ရေဆင်းဧရိယာအတွင်းမှ စီးဆင်းသောရေနှင့်ပေါင်းပြီး ထိန်းညှိကာ ကြီးအုံ-ကြီးဝ ရေလှောင်တမံမှ တစ်ဆင့် ရေအားလျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀ ထုတ်လွှတ်နိုင်ရန်နှင့် မဲဇလီရေလွှဲဆည်၏ တူးမြောင်းများမှ တစ်ဆင့် လယ်မြေများအား စိုက်ပျိုးရေ ပေးဝေနိုင်ရန်ရည်ရွယ်ကာ ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

### ပိုမိုထိန်းသိမ်းနိုင်

ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းကို အကောင်အထည် ဖော် ဆောင်ရွက်ခြင်းဖြင့် မုန်းချောင်း၏ ရေစီးရေလာများကို ပိုမိုထိန်းသိမ်း သိုလှောင်နိုင်မည်ဖြစ်သည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် မကွေးတိုင်း စေတုတ္တရာမြို့နယ်ရှိ ဘူးရွာရေလှောင်တမံစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)ညွှန်ကြားရေးမှူး ဦးမြင့်သန်းက စီမံကိန်းဆိုင်ရာအကြိုလုပ်ငန်းများဆောင်ရွက်နေမှု၊ လမ်းအူကြောင်း၊ တမံအူကြောင်း ရှာဖွေထားမှု၊ တမံတည်ဆောက်မည့် ဧရိယာအတွင်း တောရှင်းပြီးစီးမှု၊ ဘူမိဗေဒ အနေအထားအရ စမ်းသပ်တွေ့ရှိချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူး(ဒီဇိုင်း/ပုံထုတ်) ဦးခင်မောင်ချစ်၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းနှင့်မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

### ဖြည့်ဆည်းပေး

ယင်းနောက် အတွင်းရေးမှူး(၁)က လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဘူးရွာ ရေလှောင်တမံစီမံကိန်းကို မကွေးတိုင်း စေတုတ္တရာမြို့နယ် မုန်းချောင်းရေလှောင်တမံအထက်ဘက် ၁၃ မိုင်ခန့် အကွာ ဘူးရွာအနီးတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

တမံ အလျားပေ၆၈၀၀၊ အမြင့် ပေ၂၄၀ ရှိကာ မုန်းချောင်း၏ရေစီးရေလာများကို အသုံးပြု၍ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ကာ လျှပ်စစ်ဓာတ်အားထုတ်ယူအသုံးပြုရန်နှင့် တည်ဆောက်ဆဲ မုန်းချောင်း ရေလှောင်တမံစီမံကိန်းမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန် ရေကို ထိန်းညှိထုတ်လွှတ်ပေးရန် ဖြစ်သည်။

### အထောက်အကူပြု

စီမံကိန်းပြီးစီးပါက တပ်ဆင်လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ်၆၀ (၂၀ မဂ္ဂါဝပ် x၃ လုံး)မှ နှစ်စဉ်ပျမ်းမျှကီလိုဝပ်နာရီသန်းပေါင်း ၃၀၀ ထုတ်လုပ်နိုင်မည့်အပြင် မုန်းချောင်းရေအား လျှပ်စစ် စီမံကိန်းနှင့် ကြီးအုံ-ကြီးဝ ရေအားလျှပ်စစ် စီမံကိန်းသို့ လျှပ်စစ် ဓာတ်အား တိုးတက်ထုတ်လုပ်ရရှိရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး (၁) နှင့် အဖွဲ့ဝင်များသည် မကွေး တိုင်း မင်းဘူးခရိုင် စေတုတ္တရာ မြို့နယ်ရှိ မုန်းချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်း လုပ်ငန်းခွင်သို့ ရဟတ်ယာဉ်ဖြင့်ရောက်ရှိကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး စီမံကိန်း လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များအား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မုန်းချောင်း ရေအား လျှပ်စစ်စီမံကိန်း၏ ၇၅ မဂ္ဂါဝပ်ရှိ ရေအား လျှပ်စစ်ပိုင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအား လျှပ်စစ်ဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာန တို့ ကဏ္ဍအလိုက် ခွဲဝေ တာဝန်ယူ ဆောင်ရွက်နေမှု ၊ ၂၅ မဂ္ဂါဝပ် အင်အားရှိ စက်သုံးလုံးတွင် စက်အမှတ် (၁)နှင့် စက်အမှတ် (၃) တို့မှာ လက်ရှိ အခြေအနေတွင် ရေရှိပါက ဓာတ်အား ထုတ်လုပ်နိုင်သော အဆင့် စက်တပ်ဆင်ပြီးစီးမှု၊ စက်အမှတ်(၂) တပ်ဆင်မှုကို ယခု ဧပြီလအတွင်း ပြီးစီးအောင် စက်များ တပ်ဆင်နေမှု အခြေအနေ၊ အမှတ် (၂) ဖိအားမြှင့် ပိုက်လိုင်းလုပ်ငန်း အချိန်မီ ပြီးစီးရေး ဆည်မြောင်း ဦးစီး ဌာနနှင့် ညှိနှိုင်း စီစဉ်ထားမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### လုပ်ငန်းပြီးစီးမှုတင်ပြ

ဆက်လက်၍ လျှပ်စစ်စွမ်း အားဝန်ကြီးဌာန ရေအားလျှပ်စစ် ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေက မုန်းချောင်း ရေအားလျှပ်စစ် စီမံကိန်း၏ ၇၅ မဂ္ဂါဝပ်ရှိ ရေအားလျှပ်စစ်ပိုင်းဆိုင်ရာ တည်ဆောက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိတို့ ရေအားလျှပ်စစ် ဦးစီးဌာနက ဆောင်ရွက်သည့် လုပ်ငန်းများအနက် ရေယူအဆောက်အအုံ ( Power Intake Structure )တွင် ဒိုက်ကာ ( Trash Rack) နှင့် ရေတံခါးများ( Gates) တွင် အသုံးပြုမည့် သံထည်ပစ္စည်း တပ်ဆင်ခြင်းလုပ်ငန်း ပြီးစီးမှု၊ ရေလွှဲဥမင်လိုဏ်တွင် ရေတံခါးနှင့် ဆက်နွယ်သည့် အစိတ်အပိုင်းများ၌ သံထည်ပစ္စည်း တပ်ဆင်ခြင်းလုပ်ငန်း ပြီးစီးမှု၊ ဖိအားမြှင့် ဥမင်လိုဏ် ( Power Tunnel)အတွင်း သံမဏိပိုက် (Steel Penstock ) တပ်ဆင်ခြင်းလုပ်ငန်း ပြီးစီးမှု၊ ဓာတ်အားပေး စက်ရုံတည်ဆောက်ခြင်းနှင့်တာဘိုင်၊ ဂျင်နရေတာစက်များ တပ်ဆင်ခြင်း လုပ်ငန်းပြီးစီးမှု၊ ဓာတ်အားပေး စက်ရုံ အောက်ဘက်စက် ရုံရေထုတ်မြောင်း (Tailrace) တည်ဆောက်ခြင်းလုပ် ငန်းပြီးစီးမှုနှင့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေတို့ကို ရုပ်ပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီး ဌာနတည်ဆောက်ရေး (၈)ညွှန်ကြားရေးမှူးဦးမြင့်သန်းက မုန်းချောင်းရေလှောင်တမံဘက်စုံစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိတို့ဆည်မြောင်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့်ရေစိမ့်တားနံရံတည်ဆောက်ခြင်းလုပ်ငန်း၊ ပင်မတမံနှင့်ကုန်းကြောတမံ (၁)(၂)တည်ဆောက်ခြင်းလုပ်ငန်း၊ ရေလွှဲဥမင်လိုဏ်တည်ဆောက်ခြင်းလုပ်ငန်း၊ ရေအားလျှပ်စစ်ဥမင်လိုဏ်တည်ဆောက်ခြင်းလုပ်ငန်း၊ ရေပေးအဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း၊ရေအားလျှပ်စစ်ဥမင်လိုဏ်ဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေလှောင်တမံတည်ဆောက်ခြင်းလုပ်ငန်းနှင့်ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုတို့နှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

**အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မကွေးဆေးတက္ကသိုလ်မှပါမောက္ခချုပ်၊ တွဲဖက်ပါမောက္ခ၊ ဌာနမှူးများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။**

**(သတင်းစဉ်)**

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မုန်းချောင်းရေလှောင်တမံဘက်စုံစီမံကိန်းကြီးတစ်ခုလုံးသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနများပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရေးမှာကြားသည်။

**စာမျက်နှာ ၆ သို့**

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

# အီရတ်၌ရှိသော အမေရိကန်တပ်ဖွဲ့ဝင်များသေဆုံးမှု
## ၂၀၀၄ ခုနှစ် မတ်လသည် ဒုတိယအများဆုံး သေဆုံးသောလဖြစ်ခဲ့

ဝါရှင်တန် ဧပြီ ၂

**အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များအတွင်း မတ်လ၌ စုစုပေါင်းသေဆုံးသော အရေအတွက်သည် လွန်ခဲ့သည့် ၁၁လကျော်၌ သမ္မတ ဘုရှ်က စစ်ပွဲကြီး ကြေညာဆင်နွှဲခဲ့ချိန်မှစပြီး ဒုတိယ အသေအပျောက် အမြင့်မားဆုံးလဖြစ်ခဲ့ပြီး ယခုအခါ စုစုပေါင်းသေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်သည် ၆၀၀ နီးပါးကပ်သွားပြီဖြစ်သည်။**

ဘဂ္ဂဒက်အနောက်ဘက်၌ သံချပ်ကာယာဉ်တန်းနံဘေးတွင် လမ်းဘေးဗုံးတစ်လုံး ဗုဒ္ဓဟူးနေ့က ပေါက်ကွဲခဲ့ရာတွင် သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အပါအဝင် မတ်လထဲ၌ အီရတ်တွင် အလုပ်လုပ်သော ကာကွယ်ရေးဌာန အရပ်သားအလုပ်သမားနှင့် အမေရိကန်တပ်ဖွဲ့ဝင် ၅၀ထက် မနည်း သေဆုံးခဲ့သည်ဟု ပင်တဂွန်က ဖော်ပြသည့် ကိန်းဂဏန်းအရ သိရသည်။

**မီးရှို့**

စုစုပေါင်းအရေအတွက်တွင် ဗုဒ္ဓဟူးနေ့က ဖော်လူဂျာ၌ အသတ်ခံရသော အမေရိကန်အရပ်သား ကန်ထရိုက်လေးဦး မပါဝင်ဟုဆိုသည်။ ၎င်းတို့၏ အလောင်းများကို လူအုပ်ကြီးက ဖျက်ဆီးမီးရှို့ပစ်ခဲ့ကြပြီး အလောင်းနှစ်လောင်းကို တံတား၌ တွဲလောင်းဆွဲထားခဲ့ကြသည်။

**သေဆုံး**

အမေရိကန်တပ်ဖွဲ့ဝင်များ အများဆုံးသေဆုံးသည့်လမှာ နိုဝင်ဘာလသာဖြစ်ပြီး ၎င်းလ၌ အမေရိကန်တပ်ဖွဲ့ဝင် ၈၂ဦး သေဆုံးခဲ့သည်။

အီရတ်နိုင်ငံတစ်ဝန်းတွင် အမေရိကန်နှင့်အပေါင်းပါ တပ်ဖွဲ့ဝင်များ၊ ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက် သူများကို အီရတ်ခုခံတိုက်ခိုက်ရေးသမားများက ခုခံတိုက်ခိုက်လျက်ရှိရာ သေဆုံးဒဏ်ရာရရှိမှုများ နေ့စဉ်ဖြစ်ပွားလျက်ရှိသည်။

**အမ်အင်အေ၊ရိုက်တာ**

ဧပြီ ၁ ရက်က ဖော်လူဂျာမြို့အနီး အဝေးပြေးလမ်းမတစ်ခုတွင် ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်ဟမ်းဗီးစစ်ယာဉ်တစ်စီး မီးလောင်ပျက်စီးနေသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

## ဟူစတန်ပြည်နယ်မှ ကန်တပ်ဖွဲ့ဝင် ဖော်လူဂျာ၌ သေနတ်ဒဏ်ရာဖြင့်သေဆုံး

ဟူစတန် ဧပြီ ၁

အီရတ်နိုင်ငံ၌ တာဝန်ထမ်းဆောင်နေသည့် အမေရိကန်တပ်ဖွဲ့ဝင် လီရှိုင်းဆန်ဒိုဗယ်လ်ဂျူနီယာသည် ပြီးခဲ့သော သီတင်းပတ်က ဖော်လူဂျာမြို့၌ ပြောက်ကျားများက တိုက်ခိုက်မှုကြောင့် သေဆုံးသွားခဲ့ကြောင်း အစိုးရိအိတ် သတင်းစာ၌ ရေးသားဖော်ပြသည်။

**သေဆုံး**

အဆိုပါတပ်ဖွဲ့ဝင်သည် အီရတ်နိုင်ငံသို့ လာရောက်တာဝန်ထမ်းဆောင်သည်မှာ နှစ်ပတ်ပင်မကြာသေးပေ။ ဆန်ဒိုဗယ်လ်သည် ဟူစတန်တောင်ပိုင်းနှင့် ပါဆာဒီးနား၌ ကြီးပြင်းခဲ့သူဖြစ်သည်။ သူသည် အမှတ်(၁) မရိမ်းအထူးတပ်ဖွဲ့တွင် စက်သေနတ်ကိုင်တစ်ဦးဖြစ်ပြီး ပြောက်ကျားတို့ ပစ်ခတ်သည့် သေနတ်ဒဏ်ရာဖြင့် သောကြာနေ့က သေဆုံးသွားခဲ့သည်။ အဆိုပါတိုက်ပွဲတွင် အခြားတပ်ဖွဲ့ဝင် ခုနစ်ဦးလည်း ဒဏ်ရာရရှိသွားသည်။

**(အင်တာနက်)**

# အီရတ်လက်နက်ကိစ္စ စီအိုင်အေ မှားယွင်းကြောင်း
## ကန်အထက်လွှတ်တော်အမတ်တစ်ဦးဝေဖန်

ဘဂ္ဂဒက် ဧပြီ ၁

အီရတ်တို့ထံ အချုပ်အခြာအာဏာ ပြန်လည်လွှဲပြောင်းပေးမည့် သတ်မှတ်ရက် တဖြည်းဖြည်း နီးကပ်လာသည်နှင့်အမျှ အီရတ်၌ရှိသည်ဆိုသော အဖျက်စွမ်းအားကြီးမားသည့် လက်နက်များ ဆက်လက်ရှာဖွေခြင်းပြုသင့်မပြုသင့် အငြင်းပွားလျက်ရှိသည်။ ယင်းအဖျက်လက်နက်တစ်စုံတစ်ရာကိုမျှ ယခုအချိန်အထိ ရှာဖွေမတွေ့ရှိသေးကြောင်း အီရတ်၌ သီတင်းပတ်ခြောက်ပတ်ကြာ သွားရောက်ရှာဖွေခဲ့သော လက်နက်ရှာဖွေရေးအဖွဲ့ တာဝန်ခံ ချားလ်စ်ဂျူလ်ဖာက ပြောကြားသည်။

**ဝေဖန်**

အီရတ်၌ ကုလသမဂ္ဂလက်နက်ရှာဖွေရေးမှူးအဖြစ် ၁၉၉၀ပြည့်နှစ်က တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဂျူလ်ဖာက အမေရိကန်တို့ အီရတ်ကို ကျူးကျော်သိမ်းပိုက်ခြင်းကြောင့် လုပ်ငန်းဆောင်ရွက်ရာ၌ ပိုမိုခက်ခဲကြောင်းလည်း ပြောကြားခဲ့သည်။ လက်နက်များရှာဖွေမှုနှင့်ပတ်သက်ပြီး အထက်လွှတ်တော်သို့ ဂျူလ်ဖာ၏ တင်ပြချက်ကို လူထုသို့ ဖော်ထုတ်ခဲ့ရာတွင် စီအိုင်အေအဖွဲ့အနေဖြင့် အမှားတစ်ရပ် ကျူးလွန်ကြောင်း အမေရိကန်အထက်လွှတ်တော်အမတ်တစ်ဦးက ဝေဖန်ပြောကြားခဲ့သည်။

**ပြန်သွားမည်**

အီရတ်လက်နက်များနှင့်ပတ်သက်ပြီး စီအိုင်အေအဖွဲ့က အရေးမကြီးသကဲ့သို့ ပြုမူနေကြောင်းလည်း ဝေဖန်ခဲ့သည်။ ဂျူလ်ဖာသည် အီရတ်သို့ မကြာခင် ပြန်လည်သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

## ဘာကူဘာ၌ ဗုံးပေါက်ကွဲမှု ထပ်မံဖြစ်ပွား

ဘာကူဘာ ဧပြီ ၁

**အီရတ်နိုင်ငံဘဂ္ဂဒက်မြို့မြောက်ဘက်ရှိ ဘာကူဘာမြို့တွင် ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က ကားဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားရာ လူ ၁၂ ဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။**

အဆိုပါကားဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူငါးဦးမှာ ဒေသဆိုင်ရာ အုပ်ချုပ်ရေးမှူး၏ သက်တော်စောင့်များဖြစ်ကြသည်။ အခြားခုနစ်ဦးမှာ အီရတ်အရပ်သားများဖြစ်ကြသည်။

ယင်းဗုံးပေါက်ကွဲမှုမှာ ကားပေါ်ထောင်ထားသော ဗုံးဖောက်ခွဲမှု သို့မဟုတ် အသေခံဗုံးဖောက်ခွဲမှုဆိုသည်ကို မသိရသေးကြောင်း သိရသည်။

ယခုအခါ အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် အမေရိကန်နှင့် အပေါင်းအပါတပ်ဖွဲ့ဝင်များကို တိုက်ခိုက်မှုတိုးမြှင့်ပြုလုပ်လာလျက်ရှိရာ အမေရိကန်တို့နှင့် ပူးပေါင်းသူ အီရတ်အရပ်သားများ၊ အီရတ်ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသဆိုင်ရာ နိုင်ငံရေးသမားများကိုလည်း ပစ်မှတ်ထားတိုက်ခိုက်လာလျက်ရှိသည်။

**အမ်အင်အေ၊ရိုက်တာ**

## အီရတ်ကုန်သွယ်ရေးပြပွဲ လုံခြုံရေးကြောင့် ရွှေ့ဆိုင်း

ဘဂ္ဂဒက် ဧပြီ ၁

အီရတ်၌ အမေရိကန် ကန်ထရိုက်တာလေးဦး သေဆုံးခဲ့ပြီး နောက်တစ်နေ့တွင် ဖွင့်လှစ်ရန်ရှိသည့် အမေရိကန်တို့ကြီးမှူးကျင်းပမည့် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးကုမ္ပဏီများအတွက် ကုန်သွယ်ရေးပြပွဲကို အမေရိကန်တို့က ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

အဓိကကုန်သွယ်ရေးပြပွဲကြီးဖြစ်သော ဘဂ္ဂဒက်ပြပွဲကို တနင်္လာနေ့၌ စတင်ရန်ရှိပြီး ပြပွဲစီစဉ်ကျင်းပသူများက ပြပွဲကို ရွှေ့ဆိုင်းလိုက်ကြောင်း၊ နောက်ထပ် ကျင်းပမည့်ရက်ကို မသတ်မှတ်ရသေးကြောင်း ပြောဆိုကြသည်။ **(အင်တာနက်)**

**လုံခြုံရေးစောင့်ကြပ်**

**ဧပြီ ၁ ရက်က မိုဆူးလ်မြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

## ဒုံးကျည်များ၊ ဓာတုနှင့် ဇီဝလက်နက်ပစ္စည်းအစိတ်အပိုင်းများ အမေရိကန်တပ်များက အီရတ်နိုင်ငံတောင်ပိုင်းသို့ တင်ပို့ပေးခဲ့

ဘဂ္ဂဒက် ဧပြီ ၂

အမေရိကန်တပ်ဖွဲ့များက အီရတ်နိုင်ငံတောင်ပိုင်းသို့ ဒုံးကျည်များ၊ ဓာတုနှင့် ဇီဝလက်နက်ပြုလုပ်နိုင်သည့်ပစ္စည်းအစိတ်အပိုင်းများ၊ နျူကလီးယားလက်နက်များကို တင်ပို့ခဲ့ကြောင်း အက္ကဘာအယ်လ်ခါလ်လီးဂျ်သတင်းစာက ရေးသားဖော်ပြထားသည်။

**ဖော်ပြ**

အမေရိကန်တပ်များသည် ယင်းစစ်လက်နက်ပစ္စည်းများကို ဘာဆာရာအနီး အွမ်ကာဆာဆိပ်ကမ်း၌ အမေရိကန်ကုန်သင်္ဘောများပေါ်မှ ချပေးခဲ့ကြောင်း အီရတ်ပို့ဆောင်ရေးဝန်ကြီးဌာန သတင်းရပ်ကွက်များကို ကိုးကားလျက် သတင်းစာ၌ ဖော်ပြထားသည်။

**ပြုလုပ်**

စစ်လက်နက်ပစ္စည်း အချို့ကို ၁၉၈၀ပြည့်လွန်နှစ်များနှင့် ၁၉၉၀ ပြည့်လွန် နှစ်များအတွင်း အမေရိကန် ပြည်ထောင်စု၌ ပြုလုပ်ခဲ့ကြောင်း၊ ထိုလက်နက်များ၊ ပစ္စည်းအစိတ်အပိုင်းများသည် အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်က ဝယ်ယူခဲ့သော လက်နက်များ၏ အစိတ်အပိုင်းများ ဖြစ်ကြောင်း၊ ကုလသမဂ္ဂ လက်နက်စစ်ဆေးသူများက ယင်းလက်နက်များကို ဖျက်ဆီးခဲ့ပြီးဖြစ်သည်ဟု အစီရင်ခံခဲ့ပြီးဖြစ်ကြောင်း သတင်းစာက ရေးသားသည်။

**(အင်တာနက်)**

# ဖော်လူဂျာ၌ ပြောက်ကျားတို့ အပြင်းအထန်ခုခံတိုက်ခိုက် အမေရိကန်တို့နေထိုင်ရာ အဆောက်အအုံမှရွှေ့ပြောင်းပေးရ

# ဘာဆာရာမြို့၌ အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြ ဆန္ဒပြသူများအား ဗြိတိသျှတပ်ဖွဲ့ဝင်များက ပစ်ခတ်

ဧပြီ ၁ ရက်က ဖော်လူဂျာမြို့၌ လမ်းဘေးဗုံးထိမှန်၍ အမေရိကန်စစ်ယာဉ်တစ်စီး မီးလောင်ကျွမ်းနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## ရွှေ့ပြောင်းပေးရ

အီရတ်နိုင်ငံ ဖော်လူဂျာမြို့ရှိ အမေရိကန်တပ်ဖွဲ့ဝင်များ နေထိုင်သည့် အဆောက်အအုံကို ဧပြီ ၁ ရက်က တွေ့ရစဉ်။ (ယခုအခါ ပြောက်ကျားများ၏ ခုခံတိုက်ခိုက်မှုများကြောင့် အဆိုပါအဆောက်အအုံမှ အမေရိကန်တပ်ဖွဲ့ဝင်များ ရွှေ့ပြောင်းပေးလိုက်ရပြီဖြစ်သည်။) (ဓာတ်ပုံ-အင်တာနက်)

## မြန်မာ့အလင်း အီရတ်စစ်မြေပြင်ကွင်း

ဧပြီ ၁ ရက်က ဘာဆာရာမြို့၌ ဆန္ဒပြကြသော အီရတ်ပြည်သူများအား ဗြိတိသျှတပ်ဖွဲ့ဝင်များ ပစ်ခတ်သဖြင့် ဒဏ်ရာရရှိသူတစ်ဦးအား ဘေးလွတ်ရာသို့ သယ်ဆောင်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

### အောင်ပွဲခံ

ဧပြီ ၁ ရက်က ဖော်လူဂျာမြို့၌ ချုံခိုတိုက်ခိုက်ခံရသည့် အမေရိကန် ကန်ထရိုက် မော်တော်ယာဉ်တစ်စီးပေါ်၌ အီရတ်တို့ အောင်ပွဲခံနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၁ ရက်က ဖော်လူဂျာမြို့၌ ချုံခိုတိုက်ခိုက်ခံရသည့် အမေရိကန် ကန်ထရိုက်တာများ စီးလာသော မော်တော်ယာဉ်တစ်စီး မီးလောင်နေသည်ကို တွေ့ရစဉ်။ (ယင်းတိုက်ခိုက်မှုကြောင့် အမေရိကန် ကန်ထရိုက် လေးဦး သေဆုံးခဲ့သည်။) (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၁ ရက်က ဘာဆာရာမြို့၌ ဆန္ဒပြသူများအား ဗြိတိသျှတပ်ဖွဲ့ဝင်များက ပစ်ခတ်သဖြင့် ဘေးလွတ်ရာသို့ထွက်ပြေးတိမ်းရှောင်နေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မကွေးမြို့တော်ခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၃ မှ

ထို့နောက် နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းခွင်အတွင်း ရေအားလျှပ်စစ်ဥမင် လိုဏ်အဝင် ရေယူအဆောက်အအုံ (Power Intake) တည်ဆောက်ပြီးစီးမှု၊ အောက်ရေပိုလွှဲအမှတ်(၁) (Spill-way Structure 1)တည်ဆောက်ပြီးစီးမှု၊ အောက်ရေပိုလွှဲအမှတ်(၂)အား စက်ယန္တရားကြီးများဖြင့်တည်ဆောက်နေမှု၊ ရေအားလျှပ်စစ်ဥမင်လိုဏ်အဝင်ပိုင်းနှင့်ရေလွှဲဥမင်လိုဏ်ဆက်သည့်နေရာကွန်ကရစ်လုပ်ငန်းဆောင်ရွက်နေမှု၊ ရေအားလျှပ်စစ်ဥမင်လိုဏ်အထွက်ပိုင်းနှင့်ရေလှိုင်းထိန်းစည်(Surge Tank)ဆိုသည့်နေရာအား ကွန်ကရစ်လုပ်ငန်းဆောင်ရွက်နေမှု၊ ရေပေးအဆောက်အအုံ(Irrigation Outlet) အချောသပ် တည်ဆောက်နေမှုနှင့် မုန်းချောင်း ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

## ကွန်ပျူတာထိန်းချုပ်မှုတင်ပြ

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် မုန်းချောင်းရေအားလျှပ်စစ်စက်ရုံရှိ Central Control Room ၌ရေအားလျှပ်စစ်ဦးစီးဌာနညွှန်ကြားရေးမှူး(စက်မှု/လျှပ်စစ်)ဦးစောလွင်က မုန်းချောင်းရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ချောက်လျှပ်စစ်ဓာတ်အားခွဲရုံသို့လျှပ်စစ်ဓာတ်အားပို့လွှတ်ခြင်းတို့ကို ကွန်ပျူတာထိန်းချုပ်မှုစနစ်ဖြင့်ရှင်းလင်းပြသသည်။

ယင်းနောက် နိုင်ငံတော်လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မုန်းချောင်းရေအားလျှပ်စစ်စီမံကိန်းတွင်ပါဝင်ဆောင်ရွက်လျက်ရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CITIC Technology Co.,Ltd.မှ ပညာရှင်များအား သစ်သီးခြင်းလက်ဆောင်ပေးအပ်သည်။

## ကီလိုဝပ်နာရီသန်း၃၃၀ထုတ်လုပ်

မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို စေတုတ္တရာမြို့ မြောက်ဘက် နှစ်မိုင်ခန့်အကွာ မုန်းချောင်းပေါ်တွင်တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ စီမံကိန်းပြီးစီးပါက လယ်မြေဧက ၁၀၈၀၀၀ကို ရေပေးဝေနိုင်မည့်အပြင် လျှပ်စစ်ဓာတ်အား နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီသန်း ပေါင်း ၃၃၀ ကို ထုတ်လုပ်ပေးသွားနိုင်မည်ဖြစ်သည်။

၁၉၈၈ခုနှစ်မတိုင်မီ နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုအခြေအနေမှာ စုစုပေါင်းစက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၅၈၀ကျော်ရှိရာမှ ၁၉၈၈ခုနှစ် နောက်ပိုင်းတွင် ရေအားလျှပ်စစ်ဓာတ်အားစက်ရုံ ၂၈ ရုံ၊ သဘာဝဓာတ်ငွေ့စက်ရုံ ခြောက်ရုံ စုစုပေါင်း စက်ရုံ ၃၄ရုံတိုးချဲ့ပြီး စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၅၆၀ ကျော်ထပ်မံတိုးချဲ့တည်ဆောက်နိုင်ခဲ့သဖြင့် ယခုအခါ မဂ္ဂါဝပ် ၁၂၀၀ ခန့်ထုတ်လုပ်နိုင်အားရှိပြီဖြစ်ကြောင်းနှင့် နိုင်ငံတော်၏ ပေါများကြွယ်ဝသည့် ရေအရင်းအမြစ်များကို အခြေခံပြီး လက်ရှိတတိယငါးနှစ်စီမံကိန်းကာလတွင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀၀ထပ်မံတိုးချဲ့ထုတ်လုပ်ရေးစီမံကိန်းများရေးဆွဲကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ယင်းမှ တစ်ဆင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက မကွေးတိုင်း၏တည်နေရာ၊ ရာသီဥတု၊ မြေအသုံးချမှု၊ ရေသယံဇာတ၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ ဒေသဆန်၊ ဆီဖူလုံမှု၊ အဓိကသီးနှံစိုက်ပျိုးမှု၊ တိရစ္ဆာန်မွေးမြူမှု၊ စက်မှုဇုန်များရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်နိုင်မှု၊ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ ဌာနအလိုက် လုပ်ငန်း တိုးတက်ဆောင်ရွက်နိုင်မှုအခြေအနေများ၊ ဖြည့်ဆည်းပေးရန်လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

## စည်းရုံးဆောင်ရွက်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဒေသတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ ဒေသခံပြည်သူများက ပါဝင်ဆောင်ရွက်လာအောင် ဌာနစစ်ဆေးပြီး လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုနေ့လယ်ပိုင်းတွင် တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်ဖွယ်ရာများကို မှာကြားသွားမှာဖြစ်ကြောင်း။

## အထူးအလေးထား

နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်လျက်ရှိရာတွင် နှစ်တို နှစ်ရှည် စီးပွားရေး စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းစီမံကိန်းများအနက် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆည်မြောင်းတာတမံစီမံကိန်းများ၊ လျှပ်စစ်မြစ်ရေတင် စီမံကိန်းများရေးဆွဲကာ စပါးအပါအဝင် အဓိကသီးနှံ ၁၀ မျိုးတိုးချဲ့စိုက်ပျိုးရေး၊ သတ်မှတ်ထားသည့် ပန်းတိုင်အထွက်နှုန်း ရရှိရေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊

## ပိုမိုကြိုးပမ်း

နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးမြေဧက ပိုမိုတိုးတက်လာစေရန်နှင့် သီးထပ်စိုက်ပျိုးမှုစွမ်းအားမြင့်မားလာစေရန်အတွက် ယခုကဲ့သို့ စိုက်ပျိုးရေရရှိရေးကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိခြင်းမှာ နိုင်ငံတော်အတွင်း နောင် တိုးပွားလာမည့် လူဦးရေအတွက်ပါမျှော်မှန်းပြီး နိုင်ငံသားများ ဝဝလင်လင် ပူပင်ကြောင့်ကြမှုကင်းစွာဖြင့် နေထိုင်စားသုံးနိုင်ရန်နှင့် ပိုလျှံမှုများ ပိုမိုရရှိရန်ရည်ရွယ်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသခံများအားလုံးက ဒေသတွင်း စိုက်ပျိုးရေးကဏ္ဍ တိုးတက်သည်ထက်တိုးတက်အောင် ပိုမိုကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အဆင့်မြင့်သင်တန်းများ ဖွင့်လှစ်ပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးလျက်ရှိကြောင်း။

## လျှပ်စစ်စွမ်းအားလုံလောက်မည်

နောက်တစ်ချက်မှာ စက်မှုလက်မှုကဏ္ဍအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်စွမ်းအား လုံလောက်စွာရရှိစေရန် နိုင်ငံတော်အတွင်း သဘာဝအရင်းအမြစ်များဖြစ်သည့် မြစ်ချောင်းများမှ ရေအားလျှပ်စစ်ထုတ်ယူရရှိရေးကိုလည်း နည်းမျိုးစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ နောင်များမကြာမီ နှစ်ကာလအတွင်း လျှပ်စစ်စွမ်းအား လုံလောက်စွာ အပြည့်အဝရရှိလာတော့မှာ ဖြစ်ကြောင်း။

ယင်းသို့ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် နည်းတူ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ၊



နိုင်ငံတော် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ မုန်းချောင်းရေအားလျှပ်စစ်စက်ရုံ၏ ဗဟိုထိန်းချုပ်ခန်းတွင် ကွန်ပျူတာဖြင့် ထိန်းချုပ်မှုစနစ်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် မကွေးမြို့သို့ ပြန်လည်ရောက်ရှိကြပြီး မကွေးမြို့ မြို့တော်ခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအားတွေ့ဆုံသည်။

## ကျေးလက်ဒေသဖွံ့ဖြိုးရေး

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား မကွေးတိုင်းအေးချမ်းဆိုင်ရာများက စည်းရုံးဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကား ပြောကြားရာတွင် မိမိတို့အဖွဲ့အနေဖြင့် ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းအတွင်း တည်ဆောက်လျက်ရှိသည့် ဆည်မြောင်းတာတမံ စီမံကိန်းများ၊ ရေအားလျှပ်စစ်စီမံကိန်းများကို ကြည့်ရှုမကွေးတိုင်းသည် မိုးနည်းသည့်ဒေသဖြစ်သဖြင့် တိုင်းအတွင်း စိုက်ပျိုးရေရရှိရေးကို နည်းလမ်းမျိုးစုံဖြင့် အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်က အားထားရသည့် တိုင်းကြီးခြောက်တိုင်းတွင် မကွေးတိုင်းလည်း တစ်တိုင်းပါဝင်သော်လည်း မကွေးတိုင်းအနေဖြင့် ဒေသဝမ်းစာဖူလုံမှုမရှိသေးကြောင်း၊ထို့ကြောင့် နိုင်ငံတော်က တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့် စိုက်ပျိုးရေရရှိရေး စီမံကိန်းများမှ စိုက်ပျိုးရေများကို အကျိုးရှိရှိ အသုံးချပြီး စိုက်ဧကတိုးတက်ရေး၊သီးထပ်စိုက်စွမ်းအားတိုးတက်လာရေး၊ သီးနှံအထွက်နှုန်းတိုးတက်ရေးတို့ကို ဖိဖိစီးစီး ဆောင်ရွက်သွားကြရန် လိုကြောင်း။

## တွန်းအားပေးဆောင်ရွက်

ထို့ပြင် နိုင်ငံတော်ကြီးခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရန်မှာ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအခန်းက ပါဝင်လျက်ရှိကြောင်း၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန် ၁၉ ဇုန် ဖွဲ့စည်း တည်ထောင်ပေးပြီး ပုဂ္ဂလိကစက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် နည်းလမ်းအသွယ်သွယ်ဖြင့် အားပေးကူညီ တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ပေးနိုင်မည့် ကျွမ်းကျင်သူများ ပေါ်ထွန်းလာစေရန်၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် တက္ကသိုလ်များ၊ ကောလိပ်များ ဘာသာရပ်ဆိုင်ရာ

ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်တို့ကို ချမှတ်ပြီး နိုင်ငံတစ်ဝန်းလုံး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည်တို့အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယင်းကဲ့သို့ နိုင်ငံတော်အစိုးရက နိုင်ငံတော်ကြီး အေးချမ်းသာယာဖွံ့ဖြိုးအောင် အမြော်အမြင်ရှိရှိ ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းပေါ်ရောက်ရှိနေပြီ ဖြစ်ကြောင်း။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

# မြန်မာ့ကုန်စည်ပြပွဲ ၂၀၀၄ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် Quartz International Co.,Ltd. က စီစဉ်ခင်းကျင်းပြသသည့် မြန်မာ့နှစ်သစ်ကူးအကြို မြန်မာ့ကုန်စည်ပြပွဲ ၂၀၀၄ (Myanmar Trade Fair 2004) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန (Yangon Trade Centre )၌ ကျင်းပသည်။**

ရှေးဦးစွာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့် မန်နေဂျင်းဒါရိုက်တာ ဒေါ်မြတ်သက်အေးတို့က မြန်မာ့ကုန်စည်ပြပွဲ ၂၀၀၄ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များသည် ပြပွဲအတွင်း ပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။ **(ယာပုံ)**

**ပြသထား**

ပြပွဲတွင် ပြည်တွင်းပြည်ပကုမ္ပဏီ ၃၅ခုမှ ပြခန်းပေါင်း ၄၅ခန်း ပြသထားပြီး အဆိုပါ ပြခန်းများတွင် အလှကုန်နှင့် လူသုံးကုန်၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်၊ ပလတ်စတစ်၊ စားသောက်ကုန်၊ လျှပ်စစ်နှင့်အီလက်ထရွန်နစ်၊ဆောက်လုပ်ရေး၊ အိမ်သုံးကုန်၊ စက်ကိရိယာနှင့်ထုပ်ပိုးပစ္စည်း၊ အသေးစားစက်နှင့် စက်အရန်ပစ္စည်း အမျိုးမျိုး၊ တိုင်းရင်းဆေးနှင့် ဆေးဝါးပစ္စည်း အမျိုးမျိုးနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ပြသထားသည်။

ပြပွဲတွင် ပြသထားသည့် ပြခန်းများမှ ပြင်ဆင်မှုအလှဆုံး ပြခန်းကို ဆုချီးမြှင့်မည်ဖြစ်ပြီး Star Entertainment Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဂျွန်လွင်ဦးစီးသော အနုပညာရှင်များ၏ ကုန်ပစ္စည်းကြော်ငြာသရုပ်ပြပွဲများ၊ တက်သစ်စ အနုပညာရှင်အဖွဲ့၏ ဖျော်ဖြေရေးအစီအစဉ်များကိုပါ ပူးတွဲကျင်းပမည်ဖြစ်သည်။

**အခမဲ့ကြည့်ရှုလေ့လာနိုင်**

ပြပွဲကို ဧပြီ ၅ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ပြသထားမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်သည်။

**(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၃-၄-၂၀၀၄ (စနေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ မြန်မာသင်္ကြန်
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော်ဦးဃောသိတ တရားတော် **“ရှည်လျားတဲ့ဘဝသံသရာ”**
၉း၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉း၁၁ ၁၁။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၃၀ ၅။ မြန်မာသင်္ကြန်
၄း၄၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄း၅၀ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် Hypothesis Testing I (စီးပွားရေး၊ စီးပွားစီမံ)
၅း၃၀ ၉။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ မြန်မာ့ရှုခင်း
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မောင့်ရွှေနဖာစူး၊ မယ့်ရွှေနဖူးစာ”** (အပိုင်း-၂၁)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ပြည်သူ့တရားရှင် မေတ္တာတရား”** (အပိုင်း-၄)

## အမြတ်ဆုံးရတနာခုနစ်ဌာနပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဧပြီ ၂**

အမြတ်ဆုံးရတနာခုနစ်ဌာနပူဇော်ပွဲကို နိုင်ငံတော်သြဝါဒစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသာသန၏ ပဲခူးမြို့ ပန်းလှိုင်စာသင်တိုက်၌ ဧပြီ ၄ရက် (တနင်္ဂနွေနေ့)တွင် ခမ်းနားသိုက်မြိုက်စွာ ကျင်းပပူဇော်ကြမည်ဖြစ်ရာ ဆရာတော်၏ တပည့်ရဟန်းရှင်လူ ဒါယကာ ဒါယိကာမအပေါင်းတို့ ကြွရောက်ပူဇော်နိုင်ရန် နှိုးဆော်ထားသည်။ **(သတင်းစဉ်)**

# အမျိုးသားပညာရည်မြင့်မားရေးအထူးလေးနှစ်စီမံကိန်းကာလအတွင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေပြပွဲကျင်းပရေးညှိနှိုင်းအစည်းအဝေး ပညာရေးဝန်ကြီးဌာနဝန်ကြီးဦးသန်းအောင်တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၂

**အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကာလအတွင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများ သုံးသပ်ဆွေးနွေးခြင်းနှင့်ပြပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သထုံလမ်းရှိ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကာလအတွင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ ပြပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် တက်ရောက်အမှာစကားပြောကြားသည်။** (ဝဲပုံ)

အစည်းအဝေးတွင် ရှေးဦးစွာ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်က ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အထိ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ် စီမံကိန်းကာလအတွင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများ ပြပွဲကျင်းပရေး အခြေအနေများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ပြပွဲကျင်းပရေးလုပ်ငန်းကော်မတီ(၁)ဥက္ကဋ္ဌပညာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးကြီးအောင်မျိုးမင်းက အခြေခံပညာကဏ္ဍ ပြပွဲကျင်းပရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ပြပွဲကျင်းပရေးလုပ်ငန်းကော်မတီ(၂) အဖွဲ့ဝင် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိမ်းမြင့်က အဆင့်မြင့်ပညာကဏ္ဍ ပြပွဲကျင်းပရေး လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဦးစီးဌာနများနှင့် အဖွဲ့မှညွှန်ကြားရေးမှူးချုပ်များ၊ ဥက္ကဋ္ဌများက ပြပွဲကျင်းပရေးအတွက် စီစဉ်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

**အမှာစကား**

ထို့နောက် အစည်းအဝေး တက်ရောက်သူများက ဆွေးနွေးတင်ပြကြပြီးပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# ပြန်ကြားရေးဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း မန္တလေးနှင့်စစ်ကိုင်းရှိပြန်ကြားရေးလုပ်ငန်းများစစ်ဆေး

**ရန်ကုန် ဧပြီ ၂**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁ရက် နံနက်ပိုင်းတွင် မန္တလေးမြို့သို့ ရောက်ရှိပြီး ၎င်းမှတစ်ဆင့် စစ်ကိုင်းမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိသည်။

ဒုတိယဝန်ကြီးသည် စစ်ကိုင်းမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် ထပ်ဆင့်ထုတ်လွှင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ရောက်ရှိစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍နိုင်ငံတော်၏ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ဒေသခံလူထု ရှင်းလင်းစွာ သိရှိရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိပြီး အထက်မြန်မာနိုင်ငံ ပုံနှိပ်စက်ဆောက်လုပ်ပြီးစီးမှုနှင့် ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် မြန်မာ့ရုပ်ရှင်လုပ်ငန်း (အထက်မြန်မာနိုင်ငံရုံးခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးဌေးလွင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးမြို့ ကိုယ်ပွားသတင်းစာတိုက်သို့သွားရောက်စစ်ဆေးပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် စက်များကြံ့ခိုင်အောင် စနစ်တကျ စီမံဆောင်ရွက်သွားရေးမှာကြားခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

**ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း စစ်ကိုင်းမြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



## ရွှေသင်္ကန်းတော်ဆက်ကပ်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧရာဝတီတိုင်း ဇလွန်မြို့ရှိ မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီးအား ရွှေသင်္ကန်းတော် ဆက်ကပ်လှူဒါန်းစဉ်။**

**(သတင်းစဉ်)**

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတကာဖြစ်ပေါ်တိုးတက်မှုများနှင့် ဆက်စပ်အကောင်အထည်ဖော်သို့မှသာ ကျေးလက်ဒေသများအပါအဝင် နိုင်ငံတော်ကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်မှုခိုင်မာမြင့်မားမည်

▶ **ရှေ့ဖုံးမှ**

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် စေတီတော်ဓမ္မာရုံ၌ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ပြင်ခရိုင်ရွှေကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိတနှင့် ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညိုကြပြီး ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

### ရေစက်ချအမျှဝေ

ယင်းနောက် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ပြင်ခရိုင်ရွှေကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိတက ရေစက်ချတရားတော်ချီးမြှင့်ရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဟိုင်းကြီးကျွန်းသို့ ရောက်ရှိကြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးအေးဖေနှင့် တပ်မတော် အရာရှိများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် ဧရာဝတီတိုင်း ဇလွန်မြို့ရှိ မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီးအတွက် အလှူငွေများကိုပေးအပ်လှူဒါန်းကြစဉ်။**

**(သတင်းစဉ်)**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် ဧရာဝတီတိုင်း ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ပုသိမ်မြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပွဲ အခမ်းအနားတွင် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။**

**(သတင်းစဉ်)**

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ဟိုင်းကြီးကျွန်းဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မွန်းလွဲပိုင်းတွင် ပုသိမ်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

### ဖူးမြော်ကြည်ညို

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီးသို့ သွားရောက်ကြပြီး ပုသိမ်မြို့ပေါ်ရှိ ကျောင်းတိုက်များမှ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိုင်းနှင့် မြို့နယ် သံဃနာယက ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြသည်။

ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုသည့် အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့နှင့် ဘာသာရေး ဝတ်အသင်းအဖွဲ့ဝင်များ၊ သာသနာ့အကျိုးတော်ဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

### ဟန်ချက်ညီညီအားထည့်ထုထောင်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ဧည့်ရိပ်သာ၌ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းနှင့် နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးအေးဖေတို့က ဟိုင်းကြီးကျွန်းဒေသနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဟိုင်းကြီးကျွန်း ဒေသသည် နိုင်ငံတော်၏ပင်လယ်ပြင်နယ်နိမိတ်နှင့် ဆက်စပ်တည်ရှိနေသော ဒေသဖြစ်ရာ ယင်းဒေသ၌ တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေး၊ အုပ်ချုပ်မှုစနစ်မှန်ကန်ခိုင်မာရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့ကိုဟန်ချက်ညီညီအား ထည့်ထုထောင်ရန်လိုအပ်ကြောင်း။

နယ်မြေခံ ပြည်သူများအတွင်း၌ နိုင်ငံတော်လုံခြုံရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုကြီးကိုမြတ်နိုးတွယ်တာသော စိတ်ဓာတ်များ ရှင်သန်ကိန်းအောင်နေပြီး မိမိတို့နယ်မြေ၊ မိမိတို့နိုင်ငံတော်ကို မိမိတို့ကိုယ်တိုင် ကာကွယ်လိုစိတ်ရှိကြရန်လိုကြောင်း။

### ဒေသခံများနှင့် ပူးပေါင်း

နိုင်ငံတော်အပိုင်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်သည်များကို အားဖြည့်စီမံဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ အထူးသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်ငါးရပ်ကို လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည်ဖော်သွားခြင်းဖြင့် ဟိုင်းကြီးကျွန်းနှင့် ပတ်ဝန်းကျင်ဒေသတစ်ခုလုံး တိုးတက်ဖွံ့ဖြိုးလာအောင် လုပ်ကိုင်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ဒေသအတွင်း သွားရေးလာရေး လွယ်ကူချောမွေ့စေရေးအတွက် လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်အောင် ဒေသခံပြည်သူများနှင့် ပူးပေါင်းအကောင်အထည်ဖော်သွားကြရန်လည်းလိုအပ်ကြောင်း။

ဟိုင်းကြီးကျွန်းဒေသ ဖွံ့ဖြိုးရေးကိုသာမက ဆက်စပ်နေသော ပတ်ဝန်းကျင်နယ်မြေဒေသဖွံ့ဖြိုးရေးကိုပါ အကောင်အထည်ဖော်သွားရန်ဖြစ်ကြောင်း၊ နယ်မြေဒေသများဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အချိတ်အဆက်မိမိ အကောင်အထည်ဖော်သွားကြရမှာဖြစ်ကြောင်း။

### ဖွံ့ဖြိုးတိုးတက်

ထို့အတူနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း နိုင်ငံတကာ ဖြစ်ပေါ်တိုးတက်မှုများနှင့် ဆက်စပ်အကောင်အထည်ဖော်သွားရမှာဖြစ်ကြောင်း၊ သို့မှသာ ကျေးလက်ဒေသများအပါအဝင် နိုင်ငံတော်ကြီးတစ်ရပ်လုံး၏ ဖွံ့ဖြိုးတိုးတက်မှုမှာ ခိုင်မာမြင့်မားမှာ ဖြစ်ကြောင်းဖြင့် လမ်းညွှန်မှာကြားသည်။

3-4 (08).p65 1 3/25/05, 10:06 PM

## လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ကို မော်တော်ယာဉ်များဖြင့်လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့မှဇလွန်မြို့သို့ရောက်ရှိကြရာ ဗိုလ်မှူးကြီးဘိုနီနှင့် တပ်မတော် အရာရှိများ၊ ဟသ်ာတခရိုင်နှင့် ဇလွန်မြို့နယ်တို့မှဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီးသို့ ရောက်ရှိကြပြီး ဘုရားကြီးအား ဆွမ်း၊သစ်သီး၊ ဆီမီး၊ ပန်း၊ ရေချမ်း၊ နံ့သာတို့ဖြင့် ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည်မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီးအား ရွှေသင်္ကန်းတော်ကို ဆက်ကပ်လှူဒါန်းကြသည်။

## ပေးအပ်လှူဒါန်း

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီးဂေါပကအဖွဲ့၏ ညွှန့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြပြီး အလှူငွေများကို ဂေါပက အဖွဲ့သို့ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည်ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။

## တွေ့ဆုံမှာကြား

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဧပြီ ၁ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမဆောင်၌ ပုသိမ်တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြားနှုတ်ဆက်သည်။

(သတင်းစဉ်)

## ရေစက်သွန်းချ

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်ဧရာဝတီတိုင်း ပုသိမ်မြို့သာသနာ့ဗိမာန်တော်ကြီး၌ ပုသိမ်မြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပွဲ အခမ်းအနားတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။**

(သတင်းစဉ်)

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွဲဖက်အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု ညောင်တုန်းဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသ ထံမှငါးပါး သီလခံယူဆောက်တည်ကြသည်။

## ဆက်ကပ်လှူဒါန်း

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် သက်တော်(၉၇)နှစ်၊ သိက္ခာတော်(၇၇)ဝါရှိ နိုင်ငံတော်ဩဝါဒါစရိယ ကမ္ဘာအေး ကျောင်းတိုက်ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒရအား ပရိက္ခရာရှစ်ပါး၊ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်တော်၊ ဆီတို့ကို ဆက်ကပ်လှူဒါန်း ကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အဖွဲ့ဝင်များသည် ဆရာတော်ကြီးများအားပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

## ရေစက်ချအမျှဝေ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ညောင်ပင်သာကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသုတက အနုမောဒနာတရား ချီးမြှင့်တော် မူရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဧရာဝတီတိုင်း ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ပုသိမ်မြို့ပေါ်ရှိကျောင်းတိုက်များမှ ဆရာတော်ကြီးများအားဖူးမြော်ကြည်ညိုပွဲ အခမ်းအနားတွင်ဆရာတော်ကြီးများအား ပရိက္ခရာရှစ်ပါးလှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၄ ရက် (အဖိတ်နေ့)**
**၃-၄-၂၀၀၄ (စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဉတ္တမသာရ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇:၅၅ | ၅။ | စားကြမယ်ဟော့ကောင်းကောင်း |
| ၈:၀၅ | ၆။ | ရုပ်သေးကြိုးဆွဲပြိုင်ပွဲ |
| ၈:၂၀ | ၇။ | ရွှေလောင်းတံတား |
| ၈:၃၀ | ၈။ | International News |
| ၈:၄၅ | ၉။ | Happy and Educational English Summer Course MRTV. (Junior Class-I) |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁:၀၀ | ၁။ | စစ်သည်တေး |
| ၁၁:၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁:၃၀ | ၃။ | ပြည်တွင်းသတင်း |
| ၁၁:၄၀ | ၄။ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၂:၀၀ | ၅။ | တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ် |
| ၁၃:၂၅ | ၆။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"** အပိုင်း(၂၉) |
| ၁၄:၀၀ | ၇။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၁၄:၀၅ | ၈။ | "ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ်" လွင်မိုး၊ ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ ခင်သန်းနွယ် (ဒါရိုက်တာ-စိုးကျော်ဆန်း) |
| ၁၄:၃၀ | ၉။ | သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေး ဂုဏ်ပြုအစီအစဉ်(၁) |
| ၁၄:၄၅ | ၁၀။ | International News |
| ၁၅:၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | English for Everyday Use. |
| ၁၆:၄၅ | ၄။ | အကပဒေသာ |
| ၁၇:၀၀ | ၅။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ) |
| ၁၇:၁၅ | ၆။ | တေးဂီတအစီအစဉ် |
| ၁၇:၂၅ | ၇။ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၇:၄၅ | ၈။ | စားကြမယ်ဟော့ကောင်းကောင်း |
| ၁၈:၀၀ | ၉။ | ရွှေတိဂုံစေတီတော် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနား (၆-၄-၉၉) |
| ၁၈:၃၀ | ၁၀။ | ညနေခင်းသတင်း |
| ၁၉:၀၀ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၁၉:၀၅ | ၁၂။ | Discovery |
| ၁၉:၂၀ | ၁၃။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးမြေဆုံးစေတော့ကွယ်"** (အပိုင်း-၃၂) (ဇာတ်သိမ်းပိုင်း) |
| ၂၀:၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | မြန်မာဗီဒီယိုဇာတ်လမ်း **"နှောင်ကြိုး၏လက်ဆောင်"** (အပိုင်း-၁) (လွင်မိုး၊ အောင်လွင်၊ နန္ဒာလှိုင်) ဒါရိုက်တာ-မောင်မျိုးမင်း (ရင်တွင်းဖြစ်) |
| | ၁၈။ | နောက်တစ်နေ့အစီအစဉ် |
| | ၁၉။ | အစီအစဉ်ပြီး၏။ |

**ယနေ့ထုတ်စောင်ရေ ၁၄၈၄၀၃**

## နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ်(၅၉)ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဧပြီ ၂**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသည့် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၅၉)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

မြင်းမူမောင်နိုင်မိုး၊ ရွှေမြိုင်ပြူး လှဲ့မော်၊ တိုးကိုကိုဝင်း၊ လွင်သက်မောင်၊ မောင်ထက်မွန်(ရေစကြို)၊ တင့်ထွန်း(ချောက်)၊ မင်းနွယ်အောင်(စုံနံ့သာမြိုင်)၊ ကိုစိုင်းထက်မြက်သိမ်း၊ ခမ်းစုဝင်းကြည်၊ ဆောင်းမွန်းချစ်၊ မင်းယဉ်စု၊ ထွန်းထွန်း(သာယာဝတီ)၊ မင်းနိုင်လေး(လမ်းမတော်)တို့၏အဖွင့်ကဗျာများ၊ တက်တိုး၊ စောမုံညင်း၊ တက္ကသိုလ်တင်ခ၊ ဒေါက်တာမတင်ဝင်း၊ မြင့်သိန်းအောင်၊ ချစ်နိုင်(စိတ်ပညာ)၊ ပခုက္ကူဦးအုံးဖေ၊ အောင်စည်ဟိန်း၊ အမေ့သား၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ မကွေးမြင့်မောင်၊ ဒေါက်တာမင်းလှဲ့ရီ၊ နီငြိမ်း(အညာတက္ကသိုလ်)၊ တက္ကသိုလ်ဇော်မင်း၊ ခင်စောတင့်၊ ဆရာဓမ္မပါလ၊ မျိုးမင်းကျော်(ရှေးဟောင်းသုတေသန)၊ မောင်ကြော့ဦး၊ မှူးစိုး၊ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၊ ဇော်ကိုကို(မြန်မာစာ)၊ ဗိုလ်ချုပ်မြေ-မြင့်ဆွေ၊ မိုးထက်မောင်မောင်၊ တက္ကသိုလ်စိုးယဉ်၊ မြင့်ဇော်မြင့်တို့၏ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ ကို(တက္ကသိုလ်)၊ ချစ်စံဝင်း၊ မောင်သက်နှင်း(မ/ဥ)၊ မိုးသစ္စာဦး(လားရှိုး)၊ သျှီ(အင်ကြင်း)၊ ခင်ကြူကြူတင်၊ အေးဇော်မွန်(သင်္ချာ)၊ ပုသိမ်အောင်သန်းဦးတို့၏ဝတ္ထုတို၊ ဝတ္ထုရှည်များအပြင် ဗုဒ္ဓစာဉယျာဉ်၊ ကလေးတို့အတွက် ကဗျာလက်ဆောင်စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ တောလေ့စာပန်းချီ၊ ကာတွန်းကဏ္ဍစုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်၊ ပညာရွှေတောင်၊ လမင်းအိမ်၊ အမေ့အိမ်၊ မြင့်မိုရ်(၂)၊ စာပေလောက-၅၊ အောင်ပြည့်စုံ၊ မန္တလေးမြို့ ထွန်းဦးစာပေ၊ နဂါး၊ ရဲရင့်စာပေ၊ ပြည်မြို့ အောင်နိုင်၊ သုခ၊ မကွေးမြို့ အောင်ဖြိုး၊ ကလောမြို့ ပြည်သူ့အလင်းစာနယ်ဇင်း၊ တောင်ကြီးမြို့ မီလျံနာစာပေ၊ မော်လမြိုင်မြို့ ကျော်ကျော်စာပေ၊ ပျဉ်းမနားမြို့ သရဖူစာပေ၊ ပဲခူးမြို့ သဇင်စာပေ၊ လားရှိုးမြို့ ဝင်းနိုင်စာပေ၊ ဟဲဟိုးမြို့ အရှေ့ကုန်းမြင့်စာပေ၊ ရွှေဘိုမြို့ နံ့သာသစ်စာပေ၊ မအူပင်မြို့ ကျင်ဝင်းငြိမ်းစာပေနှင့် ငွေပဒေသာထီဆိုင်၊ ကျောက်တန်းမြို့ သန်းဝင်းရှိန်စာပေ၊ ကွမ်းလုံ၊ တန့်ယန်း၊ မူဆယ်မြို့နယ်ရှိ စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးများ၌ ဝယ်ယူရရှိနိုင်ကြောင်းသိရှိရသည်။

**(သတင်းစဉ်)**

## မိုးကုတ်ဝိပဿနာ သင်္ကြန်(၁၀)ရက်စခန်း

**ရန်ကုန် ဧပြီ ၂**

သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ရိပ်သာကြီး၌ သင်္ကြန်တွင်း (၁၀)ရက် အထူးတရားစခန်းပွဲကို ဧပြီ ၈ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ရာ ဘဒ္ဒန္တဝိမလဗုဒ္ဓိ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ဘဒ္ဒန္တ စန္ဒာသီရိ (အဖွဲ့ချုပ်နာယက)တို့က ဟောကြားမည်ဖြစ်သည်။ ဒုလ္လဘရဟန်းနှင့် သီလရှင်ဝတ်လိုသူများ၊ တရားဝင်ယောဂီများအား ကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းကြပါရန်နှင့် အရဏ်ဆွမ်း၊နေ့ဆွမ်းလှူဒါန်းလိုသူများသည် ဖုန်း-၅၄၇၀၂၈သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

# သားငါးဖွံ့ဖြိုး ပြည်အကျိုး

# မြန်မာနိုင်ငံနှင့် ကုန်းလမ်းပို့ဆောင်ရေး

ကမ္ဘာပေါ်တွင် ပို့ဆောင်ရေးနည်းလမ်း (Modes of Transport)အနေနှင့် မြေပြင်ပို့ဆောင်ရေး (Land Transportation)၊ လေကြောင်းပို့ဆောင်ရေး (Air Transportation)၊ ရေကြောင်းပို့ဆောင်ရေး( Water Transportation)၊ ပိုက်လိုင်းများဖြင့် ပို့လွှတ်ရေး(Pipelines)ဟူ၍ လေးမျိုးရှိရာ နည်းလမ်းတိုင်းတွင် အားနည်းအားသာချက်များ ရှိကြသည်ချည်းဖြစ်သည်။ မြေပြင်ပို့ဆောင်ရေးနည်းလမ်းများအနက် မော်တော်ယာဉ်ကို အသုံးပြုရသည့် ကုန်းလမ်းပို့ဆောင်ရေးသည် တောင်ပေါ်မြေပြန့်၊ မြေပေါ်မြေအောက်၊ ချောင်းကြိုမြောင်းကြားနှင့် အိမ်ကြိုအိမ်ကြားပါမကျန် လှုပ်ရှားနိုင်ပြီး အိမ်တိုင်ရာရောက်ပို့ပေးနိုင်သည့် အင်္ဂါရပ်များနှင့်ပြည့်စုံသည့်အတွက် စိတ်ဝင်စားဖွယ်ဖြစ်သည်။

ကုန်းလမ်းပို့ဆောင်ရေးသမိုင်းကို ပြန်ကြည့်လျှင် စက်မှုနိုင်ငံများက ၁၈ ရာစုအတွင်း ကုန်ကြမ်းထွက်ရှိရာဒေသများမှ စက်ရုံအလုပ်ရုံရှိရာ ဒေသများသို့လည်းကောင်း၊ စက်ရုံအလုပ်ရုံရှိရာဒေသများမှ ကုန်ပို့ဆိပ်ကမ်းများနှင့် စားသုံးသူရှိရာ ဒေသများသို့လည်းကောင်း ကုန်စည်နှင့်လုပ်သားများကို ပို့ဆောင်နိုင်ခဲ့သည်။ ၁၉ ရာစုအစပိုင်းတွင် ရေနွေးငွေ့သုံးအင်ဂျင်များပေါ်ခဲ့ပြီး ၁၈၆၇ခုနှစ်၌ ရေနွေးငွေ့သုံးလမ်းကြိတ်စက်ပေါ်ခဲ့ရာမှ ကျောက်ချောလမ်းများ ခေတ်စားလာခဲ့သည်။ ၂၀ ရာစုတွင်မူ ဓာတ်ဆီ၊ ဒီဇယ်သုံးအင်ဂျင်များနှင့်အတူ ကတ္တရာခင်းလမ်းများ ပေါ်ထွန်းလာခဲ့သဖြင့် ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍ တစ်ဟုန်ထိုးတိုးတက်ခဲ့သည်။ အထူးသဖြင့် စစ်မက်ရေးရာကို အကြောင်းပြု၍ နိုင်ငံတွင်းသာမက နယ်စပ်ဖြတ်ကျော်ပြီး ဥရောပ၊ အမေရိက၊ အာဖရိက၊ အာရှ စသည့် တိုက်ကြီးများအလိုက် ကားလမ်းကွန်ရက်များ ပေါ်ပေါက်ခဲ့ကြောင်း တွေ့ရသည်။ ထို့အပြင် ပို့ဆောင်ရေးဆိုင်ရာကော်မရှင်နှင့်အုပ်ချုပ်ရေးဘုတ်အဖွဲ့ ကိစ္စရပ်များ၊ လမ်းနှင့်တံတားဆိုင်ရာ ဥပဒေစည်းမျဉ်းစည်းကမ်းများ၊ ဗဟိုအစိုးရနှင့် ဒေသန္တရဆိုင်ရာ ငွေကြေးကိစ္စရပ်များ၊ အာမခံနှင့် အသက်ကယ်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ စက်မှုနှင့်နည်းပညာဆိုင်ရာကိစ္စရပ်များ၊ ပို့ဆောင်ရေးဆိုင်ရာ ရဲတပ်ဖွဲ့ကိစ္စရပ်များ၊ စွမ်းအင်နှင့်ဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ ပို့ဆောင် ရေးသမိုင်းပြတိုက်ဆိုင်ရာ ကိစ္စရပ်များလည်း ကျယ်ပြန့်လာခဲ့ကြောင်း တွေ့ရသည်။ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးနှင့်အမျိုးသားစည်းလုံးညီညွတ်ရေးကို ရှေးရှု၍ ၁၉၃၉ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ နှစ်ပေါင်း ငါးဆယ်ခန့်အတွင်း ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍတွင် ထူးထူးခြားခြားတိုးတက်တည်ဆောက်နိုင်ခဲ့သည့် နိုင်ငံအချို့ကို နိုင်ငံအကျယ်အဝန်းများနှင့် နှိုင်းယှဉ်လေ့လာပါက ဇယား(၁)ပါအတိုင်း တွေ့ရှိရမည်ဖြစ်သည်။

၁၉၈၈ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ဆယ်နှစ်ခန့်ကာလအတွင်း အာဆီယံနိုင်ငံများ၏ ကားလမ်းတိုးတက်တည်ဆောက်နိုင်မှု အခြေအနေကိုလည်း ဇယား(၂)ပါအတိုင်း လေ့လာတွေ့ရှိ နိုင်သည်။

ဖော်ပြပါ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကားလမ်းတိုးတက်တည်ဆောက်နိုင်မှု အခြေပြဇယားကို လေ့လာခြင်းအားဖြင့် တိုးတက်မှုအရှိန်အဟုန်ကောင်းမွန်သည့် နိုင်ငံများနှင့် တိုးတက်မှုအရှိန်အဟုန် နှေးကွေးသည့် နိုင်ငံများအကြား ကွာဟချက်များကို တွေ့ရှိနိုင်သည်။ အဓိကအားဖြင့် ကမ္ဘာ့နိုင်ငံရေးအတွေ့အကြုံကွာဟချက်၊ နိုင်ငံတကာဆက်ဆံရေး မူဝါဒကွာဟချက်၊ ကမ္ဘာ့သမိုင်းဖြတ်သန်းချိန် ကွာဟချက်၊ ခနအင်အား ကွာဟချက်နှင့် စစ်ဘေးစစ်ဒဏ်ခံစားရမှု ကွာဟချက်များကို လေ့လာတွေ့မြင်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ကားလမ်းသမိုင်းကို လေ့လာပါက မိုးကောင်း-ဖားကန့်နယ်မြေနှင့် မိုးကုတ်-သပိတ်ကျင်းနယ်မြေတို့မှ စတင်ခဲ့သည်ဟု ဆိုနိုင်သည်။ ခရစ်မပေါ်မီ (၂၀၆-ဘီစီ)ခန့်ကပင် တရုတ်လူမျိုးနှင့် ချင်းတိုင်းရင်းသားများ မိုးကောင်းအနီး ပယင်းကျောက်မိုင်းများ တူးဖော်ခဲ့ကြကြောင်း၊ နောက်ပိုင်းရာစုများတွင် ကျောက်စိမ်းနှင့်ပတ္တမြားမြေများ ပေါ်ထွက်လာခဲ့ပြီး ကျောက်မျက်ကို အဓိကထားသော ကုန်သွယ်ဖလှယ်မှုများကြောင့် လား၊ မြင်းလမ်းနှင့်ဆင်ဝန်တင်၊ နွားဝန်တင်လမ်းများ၊ လှည်းလမ်းများ တစ်စတစ်စ တိုးချဲ့ခဲ့ကြောင်း သိရသည်။

## အောင်စည်ဟိန်း

နောက်ပိုင်းတွင် ပဒေသရာဇ်၊ ကေရာဇ်ခေတ်အဆက်ဆက် စစ်ချီလမ်းများ ပေါ်ပေါက်ခဲ့ပါသည်။ ၁၈၄၄ခုနှစ်တွင်မူ ဗြိတိသျှအစိုးရက ပြည်သူ့လုပ်ငန်းဌာန ( Public Works Department)ကို စတင်ဖွဲ့စည်းကာ ခေတ်မီနည်းပညာဖြင့် လမ်းဖောက်လုပ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကာလတွင် ဗြိတိသျှနှင့်မဟာမိတ်တို့က အိန္ဒိယ-မြန်မာ-ယူနန်(တရုတ်) အပိုင်းကို ကားလမ်းတိုးချဲ့ခဲ့ပြီး ဂျပန်တို့က မြန်မာ-ထိုင်းနယ်စပ်အပိုင်းကို ကားလမ်းတိုးချဲ့ခဲ့သည်။

**ဇယား (၁)**

| နိုင်ငံ | နိုင်ငံအကျယ်အဝန်း ဧရိယာ စတုရန်းကီလိုမီတာ | ၁၉၃၉ ခုနှစ် ကားလမ်းကီလိုမီတာ | ၁၉၈၈ ခုနှစ် ကားလမ်းကီလိုမီတာ |
|---|---|---|---|
| ဗြိတိန် | ၂၄၄၇၉၆ | ၂၉၀၂၇၇ | ၃၅၂၂၉၂ |
| အမေရိကန် | ၉၃၆၃၃၅၃ | ၄၉၃၂၄၁၀ | ၆၂၃၃၃၀၈ |
| ပြင်သစ် | ၅၄၇၀၂၆ | ၆၃၄၀၅၂ | ၈၀၅၀၇၀ |
| ဂျာမနီ | ၃၅၆၅၁၇ | ၄၂၃၂၃၇ | ၄၉၃၅၉၀ |
| အီတလီ | ၃၀၁၂၂၅ | ၂၈၁၆၂၂ | ၃၀၁၈၄၆ |
| ဆွစ်ဇာလန် | ၄၁၂၈၈ | ၁၆၀၉၂ | ၇၁၀၅၅ |
| ဩစတြေးလျ | ၇၆၈၆၈၁၀ | ၇၈၂၁၀၄ | ၈၅၂၉၈၆ |
| အိန္ဒိယ | ၃၂၆၈၀၉၀ | – | ၁၅၅၄၂၀၀ |
| တရုတ် | ၉၅၆၁၀၀၀ | – | ၉၈၂၂၀၀ |
| ဂျပန် | ၃၇၂၀၇၇ | – | ၁၁၀၄၂၈၂ |
| တောင်ကိုရီးယား | ၉၈၄၇၇ | – | ၅၅၇၇၈ |

**မှတ်ချက်။ ။ ဂျာမနီ၏ ၁၉၈၈ ခုနှစ် ကားလမ်းအရှည်တွင် အရှေ့ဂျာမနီ အတွင်းရှိ ကားလမ်းအရှည်မပါဝင်ပါ။**

မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးနောက် ပြည်ထောင်စုလမ်းမကြီးများအဖြစ် ရန်ကုန်-ပျဉ်းမနား-မန္တလေးလမ်း၊ ရန်ကုန်-ပြည်-မကွေး-မြင်းခြံလမ်း၊ မန္တလေး-လားရှိုး-မူဆယ်လမ်း၊ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံလမ်း၊ တောင်ငူ-လွိုင်ကော်-ဟိုပုံးလမ်း၊ မူဆယ်-ဗန်းမော်-မြစ်ကြီးနား-မိုးကောင်းလမ်း၊ မန္တလေး-ရွှေဘို- ကလေးဝလမ်းနှင့် ပဲခူး-မော်လမြိုင်- ထားဝယ်-မြိတ်လမ်း ဟူ၍ လမ်းရှစ်လမ်းပေါ်ထွန်းခဲ့သည်။ သို့သော်လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသည့် ပြည်တွင်းရောင်စုံသောင်းကျန်းမှုများကြောင့် ကားလမ်း တိုးချဲ့ရေးလုပ်ငန်းများ ဖင့်နွှဲခဲ့ကြောင်း တွေ့ရှိရသည်။ စာရင်းချုပ်ကြည့်သည့်အခါ ၁၉၅၁-ခုနှစ်တွင် ကားလမ်း ကီလိုမီတာ ၉၀၂၃ (မြေလမ်းမပါ) ရှိခဲ့ပြီး ၁၉၈၇ ခုနှစ်တွင် ကားလမ်းကီလိုမီတာ ၁၇၂၉၀ (မြေလမ်းမပါ)ရှိခဲ့ရာမှ ၂၀၀၃ ခုနှစ်တွင် ကားလမ်းကီလိုမီတာ ၂၃၇၇၉ (မြေလမ်းမပါ)အထိ တိုးတက်ခဲ့ကြောင်းတွေ့ရသည်။

မြန်မာနိုင်ငံသည် မြေဧရိယာ အားဖြင့် အင်ဒိုနီးရှားပြီးလျှင် အရှေ့တောင်အာရှဒေသတွင် အကြီးမားဆုံးဖြစ်ပြီး ကုန်းပိုင်းတွင် အိမ်နီးချင်းငါးနိုင်ငံနှင့်လည်း ဆက်စပ်လျက်ရှိနေသည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် ထူထောင်ရန် ကြိုးပမ်းဆဲကာလလည်းဖြစ်သည်။ လူ့ခန္ဓာကိုယ်နှင့် နှိုင်းလျှင် သွေးပြန်ကြော၊ သွေးလွှတ်ကြောများနှင့်တူသော ပို့ဆောင်ရေးကွန်ရက်များကို တောင်ပေါ်မြေပြန့်နယ်မြေချင်း ဆက်စပ်တည်ဆောက်ပေးနေချိန်လည်း ဖြစ်ပါသည်။ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ပါက ထပ်မံဖောက်လုပ်ရဦးမည့် ကားလမ်းပမာဏကိုလည်း ခန့်မှန်းနိုင်မည် ဖြစ်သည်။ ရှိပြီး လမ်းများ ပုံမှန်ကြံ့ခိုင်ထိန်းသိမ်းနိုင်ရေး၊ လမ်းများအဆင့်မြှင့်တင်နိုင်ရေး၊ အခြားအာဆီယံနိုင်ငံများအပြင်တရုတ်၊ အိန္ဒိယစသည့်နိုင်ငံများနှင့်ပါ ကားလမ်းဖြင့် ကုန်သွယ်မှု တိုးချဲ့သွားနိုင်ရေးစသည့် လုပ်ငန်းစဉ်များသည် စက်အား၊ ပစ္စည်းအား၊ ငွေအား၊ လူအား စသည့်အရင်းအနှီး ကြီးမားသော လုပ်ငန်းများဖြစ်သည့်အားလျော်စွာ ကမ္ဘာပေါ်တွင် မြေဧရိယာကျဉ်းသော်လည်း ကားလမ်းကွန်ရက် ထူထောင်ထားရှိမှု အကြီးမားဆုံးဟု စံတင်ရမည့် ဂျပန်နိုင်ငံကို စံနမူနာယူ၍ တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်၏ ကုန်းလမ်းပို့ဆောင်ရေးဆိုင်ရာစီမံကိန်းများ မြန်မြန်ဆန်ဆန် ပြီးမြောက်အောင်မြင်ရေးတွင် အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။ ။

**ဇယား (၂)**

| နိုင်ငံ | နိုင်ငံအကျယ်အဝန်း ဧရိယာ စတုရန်းကီလိုမီတာ | ၁၉၈၈ ခုနှစ် ကားလမ်းကီလိုမီတာ | ၁၉၉၇ ခုနှစ် ကားလမ်းကီလိုမီတာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၉၁၉၀၀၀ | ၂၁၉၀၀၉ | ၃၈၆၀၀၀ |
| ထိုင်း | ၅၁၄၀၀၀ | ၇၇၆၀၉ | ၂၅၆၀၀၀ |
| ဗီယက်နမ် | ၃၃၁၀၀၀ | ၆၅၀၀၀ | ၂၀၉၀၀၀ |
| ဖိလစ်ပိုင် | ၃၀၀၀၀၀ | ၁၅၇၄၄၈ | ၁၆၁၀၀၀ |
| မလေးရှား | ၃၃၀၀၀၀ | ၄၀၀၉၄ | ၆၅၀၀၀ |
| ကမ္ဘောဒီးယား | ၁၈၁၀၀၀ | ? | ၃၄၀၀၀ |
| မြန်မာ | ၆၇၇၀၀၀ | ၂၃၀၆၇ | ၃၀၀၀၀ |
| လာအို | ၂၃၇၁၀၀ | ? | ၂၂၀၀၀ |
| စင်ကာပူ | ၆၅၀ | ၂၆၄၄ | ၃၁၀၀ |
| ဘရူနိုင်း | ၅၇၇၀ | ? | ၂၄၇၀ |

မတ် ၂၈ ရက်က ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း၏ မူလတန်းဆင့် ပညာသင်ယူပြီး မြောက်ခြင်းလက်မှတ် ချီးမြှင့်ခြင်းအခမ်းအနားကို ကျောင်းခန်းမတွင် ကျင်းပရာ စတုတ္ထတန်းမှ မစုညိမ်းညိမ်းအေးအား ကျောင်းအုပ်ဆရာကြီး ဦးထွန်းပွားက သင်ယူပြီးမြောက်ခြင်း လက်မှတ် ပေးအပ်စဉ်။ (က-ပ)

တာမွေမြို့နယ် အမှတ်(၁၁) အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် အခြေခံပညာအလယ်တန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ် ချီးမြှင့်ပွဲကို မတ် ၂၅ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စောမြင့်က အဋ္ဌမတန်းမှ မဇင်မာဝင်းအား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (က-ပ)

မတ် ၂၀ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် တောတိုက် ရပ်ကွက် တောတိုက်ဓမ္မရိပ်သာ ဦးစီးပဓာနနာယက နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီး ဘဒ္ဒန္တဓမ္မသာရ၏ သက်တော် (၇၂)နှစ်ပြည့် မွေးနေ့ပူဇာနှင့် စာအောင်အရှင်မြတ်များအား ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို တောတိုက်ဓမ္မရိပ်သာ၌ ကျင်းပစဉ်။ (မြို့နယ် ပြန်/ဆက်)

ရန်ကင်းမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၄)၏ ၂၀၀၂/၂၀၀၃ ပညာရည်ချွန်ဆုပေးပွဲနှင့် မိဘဆရာနှစ်ပတ်လည် အစည်းအဝေးကို မတ် ၂၆ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးလှိုင်က ထူးချွန်ဆုရ မောင်ပြည့်ဟိန်းနောင်ဦးအား ဆုချီးမြှင့်စဉ်။ (က-ပ)

# e-Procurement အစီအစဉ် တရားဝင်စတင်ခြင်းအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂

**ပြည်ထောင်စုမြန်မာနိုင်ငံ အီလက်ထရွန်နစ်အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ (e-National Task Force)၏ လမ်းညွှန်မှု၊Myanmar ICT Development Corp,Ltd ၏ ပူးပေါင်းပါဝင်မှုဖြင့်e-Gorernment Pilot Projectများဖြစ်ကြသော e-Visa၊ e-Passport၊ Smart Card၊ Smart School၊ Certification Authority များကို အကောင်အထည်ဖော်နေပြီဖြစ်ရာ ယင်းစီမံကိန်းများနည်းတူ အစိုးရလုပ်ငန်းဌာနများ၏ ဝယ်ယူမှုများအတွက် ပိုမို လျင်မြန်ထိရောက်အကျိုးရှိစေနိုင်မည့် e-Procurement Project ကို ၂၀၀၄-၂၀၀၅ဘဏ္ဍာရေးနှစ်တွင် စတင်စမ်းသပ်အသုံးပြုနိုင်ရန်အတွက် e-Procurement အစီအစဉ် တရားဝင်စတင်ခြင်းအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ (MICT Park)၌ ကျင်းပသည်။**

### တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံအီလက်ထရွန်နစ်အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (MICTDC)ဥက္ကဋ္ဌ e-Application Committee ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သိန်းဆွေ၊ ပြည်ထောင်စုမြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ၊ e-Procurement Project ကို စတင်ဆောင်ရွက်မည့် ဝန်ကြီးဌာနများအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ပြည်တွင်းပြည်ပကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံအီလက်ထရွန်နစ်အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ (MICTDC) ဥက္ကဋ္ဌ e-Application Committee ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သိန်းဆွေက အမှာစကားပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် e-Procurement Project တာဝန်ခံ ဦးတင်ဝင်းအောင်က eP အကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် MCC ဒုတိယဥက္ကဋ္ဌ ဦးအောင်စိုးလင်းက eP စနစ်အကြောင်းကို လည်းကောင်း၊ MET မှ Business Development Manager ဦးထင်ဇော်က eP တွင်ပါဝင်မည့် လုံခြုံရေးကဏ္ဍများကို လည်းကောင်း၊ Bagan Cyber Tech မှ Senior Marketing Manager ဦးမောင်မောင်ကျော်သာက Bagan Cyber Tech & Services အကြောင်းကိုလည်းကောင်း အသီးသီး သရုပ်ပြရှင်းလင်းတင်ပြကြသည်။

ထို့နောက်အခမ်းအနားမှူးက eP Supplier Registration စတင်လုပ်ဆောင်နိုင်ကြောင်း ကြေညာပြီး eP စနစ်သင်တန်းများ ဖွင့်လှစ်ခြင်း အစီအစဉ်များကိုတင်ပြသည်။

ယင်းနောက်အခမ်းအနား တက်ရောက်လာကြသူများက သိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြပြီး အခမ်းအနားကို နံနက်ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

e-Procurement စနစ်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွက် တိုင်းပြည်၏ e-Commerce အကောင်အထည်ဖော်နိုင်မှု လမ်းကြောင်းတွင်အခြေခံကျသော ကဏ္ဍတစ်ရပ်အဖြစ် ရပ်တည်လျက်ရှိပြီး ကုန်ပစ္စည်းဝယ်ယူရေးလုပ်ငန်းများကို ပိုမိုမြန်ဆန်မှန်ကန်စွာ၊ ကုန်ကျစရိတ်သက်သာစွာနှင့် ကုန်ထုတ်လုပ်မှုစွမ်းရည်များ တိုးတက်လာစေရန်စီမံခန့်ခွဲလုပ်ဆောင် သွားနိုင်စေခြင်းဖြင့် နိုင်ငံနှင့်ပြည်သူများ၏ အကျိုးစီးပွားတိုးတက် ပွားများစေနိုင်မည် ဖြစ်ကြောင်းသိရှိရသည်။

**(သတင်းစဉ်)**

## တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲဆက်

**ရန်ကုန် ဧပြီ ၂**

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲကို ယနေ့နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ အဋ္ဌမနေ့အဖြစ် ဆက်လက်ဖွင့်လှစ်ပြသသည်။

ယင်းပြပွဲတွင် တပ်မတော်စစ်သမိုင်းပြတိုက်နှင့် တပ်မတော်ခန်းမရှိ တိုင်းကျိုးပြည်ပြု ပြည်သူ့ အကျိုးပြုလုပ်ငန်းများပြခန်း၌ ဗဟုသုတဉာဏ်စမ်းမေးခွန်းလွှာဖြေဆိုမှုပြိုင်ပွဲကို နေ့စဉ်မွန်းတည့် ၁၂နာရီတွင် ကျင်းပပေးရာ စိတ်ပါဝင်စားသူများဝင်ရောက်ဖြေဆိုကြပြီး ဆုရရှိသူများအား နေ့စဉ်ဆုများ ပေးအပ်ချီးမြှင့်သည်။

ယနေ့ပြပွဲသို့ ရပ်ဝေးရပ်နီးမှလာရောက်ကြသော ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၈၇၀ ကျော် လာရောက်ကြည့်ရှုလေ့လာကြသည်။

**(သတင်းစဉ်)**

## (၅၉)နှစ်မြောက်တပ်မတော်နေ့ပြပွဲ
## တပ်မတော်စစ်သမိုင်းပြတိုက်
## (ရွှေတိဂုံဘုရားလမ်း)
## (၂၆-၃-၂၀၀၄ မှ ၄-၄-၂၀၀၄)
## (မည်သူမဆိုအခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။)

## ဒုတိယဝန်ကြီး ဦးမောင်အောင်အား Asia and The Pacific ဒါရိုက်တာတွေ့ဆုံ

**ရန်ကုန် ဧပြီ ၂**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်အား UNFPA Headquarters, New York မှ Director of Asia and the Pacific Division Mr. Sultan A. Aziz သည် အဖွဲ့ဝင်နှစ်ဦးလိုက်ပါလျက် ယနေ့နံနက် ၁၀နာရီတွင် ဝန်ကြီးများရုံးရှိ ဒုတိယဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။**(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမင်း၊ ညွှန်ကြားရေးမှူး ဒေါ်ခင်မေအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံသတင်းစာဆရာအဖွဲ့ ရွှေတိဂုံစေတီဖူးမြော်၊မြန်မာ့အလင်းသတင်းစာတိုက်လေ့လာ

**ရန်ကုန် ဧပြီ ၂**

တရုတ်-မြန်မာ နှစ်နိုင်ငံ သတင်းလောကအကြား အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှု တိုးပွားလာစေရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံလယ်သမားနေ့စဉ် သတင်းစာ အယ်ဒီတာအဖွဲ့ အဖွဲ့ဝင် Mr. Liu Zhanmian ခေါင်းဆောင်၍ အဖွဲ့ဝင်ခြောက် ဦးပါဝင်သော တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့သည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက် ၈ နာရီတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ တရုတ်သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ပြည်လမ်းနှင့် အလုံလမ်းထောင့်ရှိ ပြည်ထောင်စုအေးရိပ်ငြိမ်သို့ သွားရောက်လေ့လာကြသည်။

ထိုမှတစ်ဆင့် တရုတ်သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းအား ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ The New Light of Myanmar သတင်းစာတိုက် ဧည့်ခန်းမ၌လာရောက် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာသို့ ပြန်ကြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်များ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ညွှန်ကြားရေးမှူး(သတင်း)၊ စာတည်းမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တရုတ်-မြန်မာနှစ်နိုင်ငံသတင်းဆိုင်ရာ အပြန်အလှန်နားလည်မှုနှင့်ချစ်ကြည်ရင်းနှီးမှု တိုးပွားလာစေပြီး ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးကြသည်။

ယင်းနောက် တရုတ်သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)အမှတ်(၅၃)ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတိုက်သို့သွားရောက်လေ့လာကြရာ စာတည်းမှူးချုပ် ဦးရဲမြင့်ဖေနှင့်တာဝန်ရှိသူများက ကြိုဆိုကြပြီး ဧည့်ခန်းမ၌ စာတည်းမှူးချုပ်က မြန်မာ့အလင်းသတင်းစာ ထုတ်လုပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သတင်းစာတိုက်ရှိ လုပ်ငန်းများကို လိုက်လံရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့် တရုတ်သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ Oriental House စားသောက်ဆိုင်၌ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က တည့်ခင်းဧည့်ခံသည့်ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

ညပိုင်းတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းက တရုတ်သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့်တည့်ခင်းဧည့်ခံရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသိန်းစိန်နှင့်ဗိုလ်မှူးချုပ်အောင်သိန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ဖိတ်ကြားထားသူများတက်ရောက်ချီးမြှင့်ကြသည်။

**(သတင်းစဉ်)**

**ရန်ကုန်မြို့တွင်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်သမားနေ့စဉ်သတင်းစာ အယ်ဒီတာအဖွဲ့ အဖွဲ့ဝင် မစ္စတာလျိုကျန်းမိန်ခေါင်းဆောင်သောအဖွဲ့ဝင်များ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းအား တွေ့ဆုံစဉ်။ (သတင်းစဉ်)**

## ကုန်သည်/စက်မှုအသင်းချုပ် နှစ်ပတ်လည်စည်းဝေးမည်

**ရန်ကုန် ဧပြီ ၂**

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)(၁၃)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ဧပြီ ၃ရက် ညနေ ၄နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ရာ အစည်းအဝေးဖိတ်စာများနှင့် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာများကို အသင်းဝင်အသင်းသားများထံဖြန့်ဝေပေးပို့လျက်ရှိသည်။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ အသင်းဝင်ကိုယ်စားလှယ်များနှင့် အသင်းသားအားလုံးမပျက်မကွက် တက်ရောက်ကြပါရန်ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်သမားနေ့စဉ်သတင်းစာ အယ်ဒီတာအဖွဲ့ အဖွဲ့ဝင် မစ္စတာလျိုကျန်းမိန်ခေါင်းဆောင်သောအဖွဲ့ဝင်များ မြန်မာ့အလင်းသတင်းစာတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။ (မြန်မာ့အလင်း)**

## အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည် လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန် အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

စာမျက်နှာ ၆ မှ

နိုင်ရန် နိုင်ငံတော်၏ ရှေ့ဆက် သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း၊ ယင်းမူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး အတွက် နိုင်ငံသားအားလုံးက ဝိုင်းဝန်းကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း။

အထူးသဖြင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများ ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် မိမိတို့ တာဝန်ကျရာ ဒေသများတွင် ပြည်သူ့အကျိုး၊ ဒေသအကျိုး၊ နိုင်ငံအကျိုးကို စေတနာရှိရှိ ကြိုးပမ်းဆောင်ရွက်သွားကြရေးမှာကြားလိုကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ယင်းမှတစ်ဆင့်အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် မကွေး ဆေးတက္ကသိုလ် ခုတင်(၂၀၀)ဆံ့ သင်ကြားရေးဆေးရုံ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များအား ရှင်းလင်းခန်းမ၌ အမှတ်(၂) စက်မှုဝန်ကြီးဌာနမြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း ညွှန်ကြားရေးမှူး ဦးသန်းအေးက မကွေးဆေးတက္ကသိုလ် ခုတင် (၂၀၀) ဆံ့သင်ကြားရေး ဆေးရုံ တည်ဆောက်ရေး စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)က လိုအပ်သည်များကိုမှာကြားပြီး မကွေးဆေးတက္ကသိုလ်ခုတင်(၂၀၀)ဆံ့ သင်ကြားရေးဆေးရုံ တည်ဆောက်ပြီးစီးမှုတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် အမျိုးသား ကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် မကွေးဆေးတက္ကသိုလ်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ်၊ တွဲဖက်ပါမောက္ခ၊ ဌာနမှူးများ၊ မော်ကွန်းထိန်းနှင့် ဆရာ ဆရာမများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များအား စည်းဝေးခန်းမ၌ မကွေးဆေးတက္ကသိုလ် ပါမောက္ခချုပ် ဦးသန်းမြင့်ကမကွေးဆေးတက္ကသိုလ်၏တည်ဆောက်ရေး၊ သင်ကြားရေး၊ စီမံရေးနှင့် ဝန်ထမ်းရေးရာတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဆေးသိပ္ပံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဦးမောင်မောင်ဝင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁)က ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် ဆေးပညာရှင်များပေါ်ထွန်းလာရေး အတွက် ဆရာဆရာမများအားလုံးက တိုင်းချစ်ပြည်ချစ်မျိုးချစ်စိတ်တို့ဖြင့် သင်ကြားပြသကြရေးမှာကြားသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ဇီဝကမ္မဗေဒလက်တွေ့ခန်း၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်းနှင့် မကွေးဆေးတက္ကသိုလ်(Block C) တည်ဆောက်ရေးစီမံကိန်းတည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနကအကောင်အထည်ဖော်ဆောင်ရွက်နေသည့် မကွေးမြို့နယ်သဖန်းဆိပ်ဒေသရှိသဖန်းဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုသည်။

ရှေးဦးစွာ နိုင်ငံတော်လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များအား ရှင်းလင်းခန်းမ၌ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ်ဦးလှမြင့်မောင်က သဖန်းဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်းက မကွေးတိုင်းအတွင်းရှိ မြစ်ရေတင်လုပ်ငန်းများမှ ရရှိသည့် ရေဖြင့်နှစ်အလိုက်စိုက်ပျိုးနိုင်မှုအခြေအနေတို့ကိုရှင်းလင်းတင် ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက ဤလျှပ်စစ်မြစ်ရေတင်စီမံကိန်း ပြီးစီးပါက ရည်မှန်းချက်အတိုင်း အပြည့်အဝ အကျိုးခံစားနိုင်ရန် ဒေသခံပြည်သူ၊ ဌာနဆိုင်ရာဝန်ထမ်းနှင့် ရေခွဲဝေသုံးစွဲရေး ကြီးကြပ်ဆောင်ရွက်ကြသူများ တက်ညီလက်ညီ ညှိနှိုင်းဆောင်ရွက်နိုင်ရန် ယခုကပင် ကြိုတင်ဆောင်ရွက်ဖွယ်များ ဆောင်ရွက်ထားကြရေးမှာကြားပြီး သဖန်းဆိပ် လျှပ်စစ်မြစ်ရေတင် စီမံကိန်းဆောင်ရွက်ထားမှု၊ ဧရာဝတီမြစ် ရေစီးရေလာအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

သဖန်းဆိပ် လျှပ်စစ်မြစ်ရေတင် စီမံကိန်း ပြီးစီးပါက မကွေးမြို့နယ် သဖန်းဆိပ်ဒေသရှိ ဧက ၇၂၀၀ ခန့်ကို ရေပေးဝေနိုင်မည့်အပြင် မကွေးမြို့ ပတ်ဝန်းကျင် ခုနစ်မိုင် စိမ်းလန်းစိုပြည်ရေးအတွက်ပါ အထောက်အကူပြုလာမည်ဖြစ်သည်။

ယင်းမှတစ်ဆင့်အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် မကွေးမြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

## တပ်မတော်နေ့ စာပေအနုပညာပြပွဲဆက်

**ရန်ကုန် ဧပြီ ၂**

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်စာပေအနုပညာပြိုင်ပွဲ ပြပွဲကျင်းပရေးကော်မတီက (၅၉) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေအနုပညာပြပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ်ဦးဝိစာရလမ်းရှိတပ်မတော် ခန်းမ၌ ဆက်လက်ပြသလျက်ရှိရာ အဆိုပါပြပွဲသို့ ရဟန်းရှင်လူ ပြည်သူများ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ကျောင်းသားကျောင်းသူများ စုစုပေါင်း ၆၀၀ ကျော် လာရောက်ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

**(၅၉)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် တောင်ဥက္ကလာပမြို့နယ် အမှတ်(၄) ရပ်ကွက် စစ်မှုထမ်းဟောင်းအဖွဲ့၏အလှူငွေပေးအပ်ပွဲနှင့် ချီးမြှင့်ငွေပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၇ရက်က သုမင်္ဂလာလမ်း မြို့မခန်းမတွင် ပြုလုပ်ရာမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌဒုတိယ ဗိုလ်မှူးကြီး အုန်းသန်း(ငြိမ်း) အမှာစကားပြောကြားစဉ်။** (က–ပ)

## ဘိန်းဖြူ ၆၆၉ ဂရမ် လားရှိုးမြို့၌ ဖမ်းမိ

**ရန်ကုန် ဧပြီ ၂**

နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်(အထူး)တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၄ရက်က လားရှိုးမြို့ ရပ်ကွက်(၂) မြို့မစည်ပင်သာယာဈေးအနီးရှိ လက်ဖက်ရည်ဆိုင်၌ မူးယစ်ဆေးဝါး အရောင်းအဝယ်ပြုလုပ်ရန်ရှိကြောင်း သတင်းအရ စောင့်ဆိုင်းနေစဉ် မူးယစ်ဆေးဝါးအရောင်းအဝယ်ပြုလုပ်ရန်ရောက်ရှိလာသူ လားရှိုးမြို့၊ ရပ်ကွက်(၅) နယ်မြေ(၁၈) နန့်စန်လမ်းနေ ဦးရန်ချောက်ပေါက်၏ သမီး မရန်ကွေချင်အား ဘိန်းဖြူ ဆပ်ပြာခွက် ၄၀ စုစုပေါင်း အလေးချိန် ၆၆၉ ဂရမ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး သတင်းကွင်းဆက်ဖော်ထုတ်ချက်အရ ပိုင်ရှင်ဖြစ်သူ လားရှိုးမြို့ ရပ်ကွက်(၆) နယ်မြေ(၉) ရွှေမေတ္တာလမ်းနေ ဦးလောင်ရှန်၏သား ဦးယုန်ဖင့်အား ထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိ တရားခံများနှင့် မူးယစ်ဆေးဝါးများကို သက်ဆိုင်ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မတ် ၂၅ ရက်က ၂၀၀၃–၂၀၀၄ အခြေခံ ပညာ အထက်တန်းအဆင့် သင်ယူပြီး မြောက်ခြင်းကို အင်းစိန် အထက(၁)၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကြည်က တက္ကသိုလ်ဝင်တန်း ကျောင်းသူ မတင်နီလာရှိန်အား လက်မှတ် ချီးမြှင့်စဉ်။** (က–ပ)

## မြို့ ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

## အကောက်ခွန်ဦးစီးဌာနစီမံခန့်ခွဲရေးအဆင့်အရာထမ်းများ သင်တန်းအမှတ်စဉ်(၉)ဆင်းပွဲကျင်းပ

**ရန်ကုန် ဧပြီ ၂**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲရေးအဆင့် အရာထမ်းများသင်တန်းအမှတ်စဉ် (၉)ဆင်းပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာနသင်တန်းကျောင်းခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ခင်မောင်လင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် ဝန်ကြီးကအမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ စီမံခန့်ခွဲရေးအဆင့်အရာရှိ ၂၄ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ရှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မော်ရိုကိုသံအမတ်ကြီးအဖြစ်ခန့်အပ်ရန်သဘောတူညီ

**ရန်ကုန် ဧပြီ ၃**

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မော်ရိုကိုနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာအယ်လ်ဟာဆန်ဇာဟစ်အား ခန့်အပ်ရန် မော်ရိုကိုအစိုးရ၏အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီး ဖြစ်သည်။

မစ္စတာအယ်လ်ဟာဆန်ဇာဟစ်သည် ၁၉၅၀ပြည့်နှစ်တွင် ဖိစ်မြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ရာဘတ်မြို့ရှိ အမျိုးသားအုပ်ချုပ်မှုကျောင်းမှ မဟာဘွဲ့ရရှိခဲ့သည်။ ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး ဒူဆယ်လ်ဒေါ့ဖ်မြို့နှင့် နယူးယောက်မြို့ရှိ မော်ရိုကို သံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာအယ်လ်ဟာဆန်ဇာဟစ်သည် ဗန်ကောက်မြို့တွင် ရုံးစိုက်နေထိုင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့လည်း ပူးတွဲတာဝန်ယူထမ်းဆောင်မည်ဖြစ်သည်။

မစ္စတာအယ်လ်ဟာဆန်ဇာဟစ်သည် အိမ်ထောင်သည် တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးရှိသည်။ **(သတင်းစဉ်)**

## အသက်(၁၄)နှစ်အောက် အာရှလူငယ်ခြေစစ်ပြိုင်ပွဲ မြန်မာလူငယ်ဘောလုံးအသင်းပါဝင်ယှဉ်ပြိုင်မည်

**ရန်ကုန် ဧပြီ ၂**

အသက်(၁၄)နှစ်အောက် အာရှလူငယ် ဘောလုံးပြိုင်ပွဲအုပ်စု(စ)ခြေစစ်ပွဲစဉ်များကို ကမ္ဘောဒီးယားနိုင်ငံ၌ ဧပြီ ၅ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းပါဝင်ယှဉ်ပြိုင်မည် ဖြစ်သည်။

အုပ်စု(စ)တွင်အိမ်ရှင်ကမ္ဘောဒီးယား၊ ထိုင်း၊ မြန်မာ၊ မော်လဒိုက်နှင့် အရှေ့တီမောတို့ ပါဝင်ကြသည်။ အုပ်စုပထမနှင့် ဒုတိယရသော နှစ်သင်း နောက်တစ်ဆင့် ဆက်လက်၍ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အသက်(၁၄)နှစ်အောက် အာရှလူငယ် ဘောလုံးပြိုင်ပွဲခြေစစ်ပွဲစဉ်များ၌ ပါဝင်ယှဉ်ပြိုင်ရန် ရည်ရွယ်၍ အသက်(၁၄)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင်အသင်း ဖွဲ့စည်းရန်အတွက် လူရွေးပွဲကို အောင်ဆန်းအားကစားပြိုင်ကွင်း၌ မတ် ၁၆ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့သည်။

အဆိုပါ လူရွေးပွဲတွင် အား/ကာသိပ္ပံလူငယ်အသင်း၊ ရဲမွန်လူငယ်အသင်းနှင့် ညွန့်ပေါင်းလူငယ်အသင်းတို့ကို ပတ်လည်ယှဉ်ပြိုင်ကစားစေကာ အကောင်းဆုံးခြေစွမ်းပြနိုင်သူများကို ရွေးချယ်ခဲ့သည်။

ယခုအခါအသက်(၁၄)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင်အသင်း အား အားကစားသမား ၁၈ ဦးဖြင့် ရွေးချယ်ဖွဲ့စည်းလိုက်ပြီဖြစ်သည်။

အသက်(၁၄)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင်အသင်းတွင် **(ဂိုး)** စောရှာလမိုထူး၊ ဟိန်းသူအောင်၊ **(နောက်တန်း)**စိုင်းဇော်လတ်၊ နိုင်မိုး၊ ဝင်းမြင့်ထွန်း၊ ရဲစည်သူအောင်၊ မင်းနောင်ဦး၊ **(အလယ်တန်း)** ကောင်းမြတ်စံ၊ စိုးမြတ်သူ၊ ဇော်လင်း၊ ဇော်ဇင်ထက်၊ ဇင်ဘိုဘိုနိုင်၊ ဇင်ကိုကို၊ **(ရှေ့တန်း)** မင်းမင်းအောင်၊ အောင်မြင့်ထွန်း၊ ညီညီလွင်၊ ပြည့်ဖြိုးဦးနှင့် ထွန်းထွန်းနိုင်တို့ပါဝင်ကြသည်။

အသက်(၁၄)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင်အသင်းကို အဖွဲ့ခေါင်းဆောင်အဖြစ် အား/ကာသိပ္ပံကျောင်းအုပ်ကြီး ဦးမောင်ဝင်း၊ အုပ်ချုပ်သူအဖြစ် ဦးအေးမောင်ကြီး၊ နည်းပြအဖြစ် ဦးလင်းရောင်၊ ဆေးမှူးအဖြစ် ဒေါက်တာအောင်ကျော်ဦးတို့က တာဝန်ယူ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။**(မြန်မာ့အလင်း)**

**မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက်၌ နိုင်ငံသားအရည်အချင်းပြည့်မီသူများအားနိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို မတ် ၃၀ ရက်က ကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးလှိုင်ဌေးက နိုင်ငံသားအရည် အချင်းပြည့်မီသူ တစ်ဦးအား ကတ်ပြားပေးအပ်စဉ်။** (က–ပ)

● *ကျောဖုံးမှ*

မြန်မာတို့၏ ရှေးရိုးရာအစဉ်အလာ မပျက် ပျော်ရွှင်ဖွယ်ရာ ကြည်နူးဖွယ်ရာ ဖြစ်သည့် မြန်မာနှစ်ကူးအတာသဘင် ပွဲတော်ကြီးကို တစ်နှစ်ထက်တစ်နှစ် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်နှင့် မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားအားလုံး ပါဝင် ဆင်နွှဲနိုင်ရန် အတွက်လည်းကောင်း၊ သင်္ကြန်ပွဲတော်ကြီးတွင် တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ယဉ်ကျေးမှုများ ထုတ်ဖော် ပြသခွင့်ရရှိစေရန်၊ တိုင်းရင်းသားအချင်းချင်း ရိုးရာယဉ်ကျေးမှု ဖလှယ်ခွင့်ရရှိကြစေရန်နှင့် နိုင်ငံတော် ဖွံ့ဖြိုးမှုများကို မျက်ဝါးထင်ထင်တွေ့မြင်ပြီး မိမိတို့ဒေသများတွင်လည်း ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်နိုင်ကြစေရန်အပြင် စုပေါင်းနေထိုင်သည့်အတွက် ပြည်ထောင်စုစိတ်ဓာတ်နှင့် ညီညွတ်မှုစိတ်ဓာတ်တို့ဖြစ်ပေါ်စေရန်ရည်ရွယ်၍ နိုင်ငံအဝန်း ဒေသအသီးသီးမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကအဖွဲ့များ သင်္ကြန်ပွဲတော်ဆင်နွှဲရန်အတွက်

ရန်ကုန်မြို့သို့ ရောက်ရှိနေသော သင်္ကြန်ပွဲတော် ဆင်နွှဲမည့် တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များအား မြန်မာ့အလင်းက သွားရောက် မေးမြန်းခဲ့ရာ ကရင် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့မှ နော်ရီမေစေးက ပြောကြားရာတွင် "မိမိတို့အဖွဲ့တွင် လူ၁၂ ဦး ပါဝင်ပြီး သင်္ကြန်ပွဲတော်တွင် ရိုးရာ အက သုံးမျိုးဖြင့် ပါဝင်ကပြ ဆင်နွှဲမည်ဖြစ်ပါကြောင်း၊ ရိုးရာအကများမှာ ဒုံးအက၊ တောင်ပေါ်ဒေသ ကရင်ရိုးရာအကနှင့် တောင်ပေါ်ရိုးရာ အကတို့ ဖြစ်ပါကြောင်း"ဖြင့် စိတ်အားထက်သန်စွာ ပြောကြားသည်။ သင်္ကြန်ပွဲတော်ကို ဆင်နွှဲမည့် တိုင်းရင်းသားတို့၏ ပီတိအပြုံးနှင့် ကြည်နူးဖွယ်ရာ အကလေ့ကျင့်နေမှုကိုလည်း မြင်တွေ့ရသည်။

တစ်ဖန် ကချင်ပြည်နယ် နောင်မွန်းဒေသမှ ရဝမ်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့မှ အမျိုးသားအဖွဲ့ဝင် တစ်ဦးဖြစ်သူ ကင်ပလုံခင်စာရ်အား မေးမြန်းကြည့်ရာ "မိမိတို့အဖွဲ့သည် သင်္ကြန်ပွဲတော်တွင် ရဝမ်ရိုးရာအက နှင့် ရဝမ်ရိုးရာအာဆေးအကတို့ဖြင့် ပါဝင်ကပြဆင်နွှဲမည်ဖြစ်ပါကြောင်း၊ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို အားပါးတရဆင်နွှဲမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။ ရန်ကုန်သို့ ရောက်ပြီး အနားမယူဘဲ ကြည့်ရှုသူပြည်သူများ နှစ်ခြိုက်သဘောကျစေရန် ရိုးရာဓလေ့အကများကို ကြိုးစားလေ့ကျင့်နေကြသည်မှာ ကြည်နူးဖွယ်ရာ မြင်ကွင်းပင်ဖြစ်သည်။

### တို့ရိုးရာအက လေ့ကျင့်

ချင်းပြည်နယ် ထန်တလန်မြို့နယ် နရိန်းကျေးရွာ ရိုးရာယဉ်ကျေးမှု အကအဖွဲ့၏အာခေါင်ဘ(ခေါ်) မြူးကြွခုန်က တို့ရိုးရာအလှအကကို လေ့ကျင့်နေစဉ်။
ဓာတ်ပုံမှတ်တမ်း-ထွေးကြည်(မြန်မာ့အလင်း)

သင်္ကြန်ပွဲတော်တွင် အာခေါင်ဘ (ခေါ်) မြူးကြွခုန်က တို့ရိုးရာအလှအကဖြင့် ကပြဆင်နွှဲမည့် ချင်းပြည်နယ် ထန်တလန်မြို့နယ် နရိန်းကျေးရွာ ရိုးရာယဉ်ကျေးမှုအဖွဲ့မှ အမျိုးသား မုန်ချွာဟဲနှင့် အမျိုးသမီး ရိုစီ။ ဓာတ်ပုံမှတ်တမ်း-ထွေးကြည်(မြန်မာ့အလင်း)

#### အားပါးတရ

ထို့နောက် ချင်းပြည်နယ် ထန်တလန်မြို့နယ် နရိန်းကျေးရွာ ရိုးရာယဉ်ကျေးမှုအဖွဲ့မှ အမျိုးသားတစ်ဦးဖြစ်သူ မုန်ချွာဟဲအား မေးမြန်းရာ "မိမိတို့အဖွဲ့တွင် အမျိုးသားခြောက်ဦး၊ အမျိုးသမီးခြောက်ဦးပါဝင်ပြီး သင်္ကြန်ပွဲတော်တွင် ရိုးရာအကများဖြစ်သော အာခေါင်ဘ(ခေါ်)မြူးကြွခုန်က ချင်းရိုးရာ အလှအကများဖြင့် အားပါးတရ ဖျော်ဖြေမည်ဖြစ်ပါကြောင်း" ပြောကြားသည်။

ယခုအခါ မြန်မာ့ရိုးရာနှစ်ကူး သင်္ကြန်ပွဲတော်သို့ တိုင်းရင်းသား ရိုးရာအကအဖွဲ့များ ရောက်ရှိလျက် ရှိရာ အားလုံး ၁၇ဖွဲ့ ရောက်ရှိမည်ဖြစ်ပြီး အဖွဲ့ဝင်စုစုပေါင်း ၂၀၄ဦးရောက်ရှိမည်ဖြစ်သည်။

သင်္ကြန်ပွဲတော်ကို လာရောက် ရန်ကုန်မြို့သို့ ရောက်ရှိလျက်ရှိကြသည်။

သင်္ကြန်ပွဲတော်တွင် ရိုးရာအကများဖြင့်ကပြဖျော်ဖြေ ဆင်နွှဲမည့် ကရင် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့မှ စောလှရွှေနှင့် နော်ရီမေစေး။
ဓာတ်ပုံမှတ်တမ်း-ထွေးကြည်(မြန်မာ့အလင်း)

ကချင်ပြည်နယ် နောင်မွန်းဒေသ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က သင်္ကြန်ပွဲတော်တွင် ကပြဖျော်ဖြေမည့် ရဝမ်ရိုးရာအကဖြစ်သည့် အာဆေးအက ကကွက်ကို လေ့ကျင့်စဉ်။
ဓာတ်ပုံမှတ်တမ်း-ထွေးကြည်(မြန်မာ့အလင်း)

ကရင်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့၏ ဒုံးအက ကကွက်ကို လေ့ကျင့်နေကြစဉ်။
ဓာတ်ပုံမှတ်တမ်း-ထွေးကြည်(မြန်မာ့အလင်း)

သင်္ကြန်ပွဲတော်၌ ရဝမ်ရိုးရာအကများဖြင့် ဖျော်ဖြေဆင်နွှဲမည့် ကချင်ပြည်နယ် နောင်မွန်းဒေသမှ ရဝမ်တိုင်းရင်းသားအကအဖွဲ့ဝင် အမျိုးသား ကင်ပလုံခင်စာရ်နှင့် အမျိုးသမီး မအာဝါနန်ဆား။
ဓာတ်ပုံမှတ်တမ်း-ထွေးကြည်(မြန်မာ့အလင်း)

#### ၁၇ဖွဲ့

မြန်မာ့နှစ်သစ်ကူးသင်္ကြန်ပွဲတော် ဆင်နွှဲရန်အတွက် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အကအဖွဲ့ ၁၇ဖွဲ့ ရောက်ရှိမည်ဖြစ်ရာ ယခုအခါ ၁၂ ဖွဲ့ ရောက်ရှိနေပြီဖြစ်သည်။

ဆင်နွှဲကြသည့် တိုင်းရင်းသူ တိုင်းရင်းသားများမှာ တစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ရင်းနှီးခင်မင်ကာ ပျော်ရွှင်စွာ မိတ်ဖွဲ့စကားဆိုနေမှုမြင်ကွင်းမှာကြည်နူးစရာကောင်းလှသည်။ တိုင်းရင်းသားတို့၏ စကားသံဝဲဝဲဖြင့် ပြောဆိုနေမှုများတွင်လည်း ရိုးသားမှုများအပြည့်ပါဝင်လျက်ရှိကြောင်း ထင်ရှားလျက်ရှိသည်။

မြန်မာတစ်နိုင်ငံလုံး ပျော်ရွှင်ကြည်နူးဖွယ်ရာ ပါဝင်ဆင်နွှဲမည့် ၁၃၆၅ ခုနှစ် မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကြီးသည် တိုင်းရင်းသားပေါင်းစုံ ဆင်နွှဲသည့် တစ်မျိုးသားလုံး၏ ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော်ကြီးတစ်ရပ် ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။ **(မြန်မာ့အလင်း)**


## သတိ

### ရန်ကုန်မြို့တော်အတွင်း ဟွန်းမတီးရ

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ



## ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည်ဂက်စ်ဘူးဖြင့်ကစားက

၁။ လက်ဝယ်တွေ့သူ -ထောင်တစ်နှစ်

၂။ ကစားသူ -ထောင်သုံးနှစ်

၃။ ထုတ်လုပ်ရောင်းချသူ -ထောင်ငါးနှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။

## မဟာသင်္ကြန်ရက်များတွင် စက်သုံးဆီဆိုင်များဖွင့်မည်

**ရန်ကုန် ဧပြီ ၂**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းက ရန်ကုန်တိုင်းအတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များကို မဟာသင်္ကြန် ရုံးပိတ်ရက်များအတွင်း ပုံမှန်ဖွင့်လှစ် ရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနှင့်သက်မွေးပညာဦးစီးဌာန (ရုံးချုပ်)
## B.Tech ဒုတိယနှစ် သင်တန်းဖွင့်လှစ်ရန် ကြေညာခြင်း

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာ ဦးစီးဌာန လက်အောက်ရှိ အစိုးရနည်းပညာ ကောလိပ်များတွင် ၂၆-၁-၂၀၀၄ရက်မှ ၆-၂-၂၀၀၄ရက်တွင် ကျင်းပခဲ့သော B.Tech ပထမနှစ် သင်တန်းအသီးသီး၏ စာမေးပွဲအောင်စာရင်းကို ၂၉-၃-၂၀၀၄ရက်တွင် ထုတ်ပြန်ကြေညာပြီးဖြစ်ပါ၍ B.Tech ဒုတိယနှစ်သင်တန်းများကို ၁-၄-၂၀၀၄ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**စက်မှုနှင့်သက်မွေးပညာဦးစီးဌာန။**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အခြေခံနည်းပညာကျွမ်းကျင်မှုသင်တန်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုသင်တန်းများအတွက်
## သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနအောက်ရှိ အစိုးရနည်းပညာ ကောလိပ်များ၊ အစိုးရ စက်မှုလက်မှုသိပ္ပံများနှင့် အစိုးရကွန်ပျူတာ ကောလိပ်များတွင် ၁-၄-၂၀၀၄ ရက်တွင်ဖွင့်လှစ်မည့် အခြေခံ နည်းပညာ ကျွမ်းကျင်မှု သင်တန်းနှင့် ကွန်ပျူတာကျွမ်းကျင်မှု သင်တန်းများတွင် တက်ရောက်ရန် ၂၀၀၃ခုနှစ်မတ်လတွင်ကျင်းပ သော အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူများနှင့် ၂၀၀၄ ခုနှစ် မတ်လတွင်ကျင်းပသော အခြေခံပညာအထက်တန်း စာမေးပွဲ ဖြေဆိုထားသူများ လျှောက်ထားနိုင်ပါသည်။

၂။ ပထမလေးလသင်တန်းအောင်မြင်ပြီး အခြေခံပညာအထက်တန်း အောင်မြင်ပါက ဒုတိယ လေးလသင်တန်းသို့ ဆက်လက် တက်ရောက်ခွင့်ပြုမည်။ ဒုတိယလေးလသင်တန်း အောင်မြင် ပြီးဆုံးပါက အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှု လက်မှုသိပ္ပံများနှင့် အစိုးရကွန်ပျူတာကောလိပ်များတွင် ဖွင့်လှစ် မည့် ပထမနှစ်သင်တန်းများသို့ တိုက်ရိုက်တက်ရောက်ခွင့်ပြုမည်။

၃။ ပထမလေးလသင်တန်း အောင်မြင်ပြီးလျှင်လည်းကောင်း၊ ဒုတိယ လေးလ သင်တန်းအောင်မြင်ပြီးလျှင်လည်းကောင်း ကျွမ်းကျင်မှု လက်မှတ်အသီးသီးကို ချီးမြှင့်ပေးမည်။

၄။ အသေးစိတ်သိရှိလိုသော အချက်အလက်များအား သက်ဆိုင်ရာ အစိုးရ နည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရကွန်ပျူတာ ကောလိပ်များတွင် စုံစမ်းနိုင်ပါသည်။



# လယ်ယာထွက်ကုန်ဘောလုံးအသင်း အဆင့်မြင့်တန်းသို့တက်လှမ်း မြန်မာ့ဘောလုံးအဆင့်အတန်း တိုးတက်မြင့်မားလာရေးရည်ရွယ်

**စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီး ဌာန ဘောလုံး ဆပ်ကော်မတီ နာယက မြန်မာ့ လယ်ယာ ထွက် ကုန်ပစ္စည်း ရောင်း ဝယ် ရေး ဦးဆောင်ညွှန်ကြား ရေးမှူး ဦးမင်းလှ အောင်က မြန်မာ့ အလင်းသို့ရှင်းလင်း ပြောကြားစဉ်။**
(ဓာတ်ပုံ- သိန်းဝင်းလေး- မြန်မာ့အလင်း)

**သတင်းဆောင်းပါး-ကိုထွေး**
**ဓာတ်ပုံ-သိန်းဝင်းလေး**
**(မြန်မာ့အလင်း)**

ရန်ကုန် ဧပြီ ၂

**အဆင့်မြင့်တန်းမှ စီးပွား/ကူးသန်းဘောလုံးအသင်း၏ ညီနောင်အသင်းဖြစ်သော လယ်ယာထွက်ကုန် ဘောလုံးအသင်းသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ ပထမတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ဒုတိယရရှိပြီး အဆင့်မြင့်တန်းသို့ တက်ရောက်သွားပြီဖြစ်သည်။ လယ်ယာထွက်ကုန် ဘောလုံးအသင်းသည် ပထမတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ၌ ၁၂ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ ကိုးပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး ၂၈မှတ်ဖြင့် ဒုတိယရရှိခဲ့ခြင်းဖြစ်သည်။**

လယ်ယာထွက်ကုန် ဘောလုံး အသင်းသည် ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ၌ ကြယ်ပွင့်လေးများ(က) အသင်းကို သုံးဂိုး-နှစ်ဂိုး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ အားကစားဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ငွေဇုန်အသင်းကို သုံးဂိုး-ဂိုးမရှိ၊ တပ်မတော်ကြည်း(ခ) အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ကကနက်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ တပ်မတော်(ရေ)အသင်းကို ငါးဂိုး-တစ်ဂိုး၊ တပ်မတော်(လေ) အသင်းကို ခြောက်ဂိုး-တစ်ဂိုး၊ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရထားပို့ဆောင်ရေး အသင်းနှင့် ဂိုးမရှိသရေကျပြီး ကမ္ဘောဇအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ စက်မှု(၁)အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ စုစုပေါင်း၁၂ ပွဲကစားရာတွင် ၂၆ ဂိုးသွင်းယူနိုင်ပြီး ကိုးဂိုးသာ အသွင်းခံခဲ့ရသည်။ လယ်ယာထွက်ကုန် အသင်းသည် ပထမတန်းကွင်းဖွင့်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းကိုပယ်နယ်တီဖြင့်ရှုံးကာ ဒုတိယရရှိခဲ့သည်။လယ်ယာထွက်ကုန် အသင်းကို ၂၀၀၁ခုနှစ် အောက်တိုဘာလ၌ ကျင်းပခဲ့သည့် စီးပွား/ကူးသန်းဝန်ကြီးဌာန ဝန်ကြီးဖလား လူငယ်ဘောလုံးပြိုင်ပွဲမှ ရွေးချယ်ထားသော လူငယ်ဘောလုံးသမားများဖြင့် စုဖွဲ့ ဖွဲ့စည်းခဲ့ခြင်းဖြစ် သည်။ စတင်ဖွဲ့စည်းစဉ်က စီးပွား/ကူးသန်း(ခ)အသင်းအဖြစ် အမည်ပေးကာ ၂၀၀၂-၂၀၀၃ခုနှစ် ဒုတိယတန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ဒုတိယတန်းအမှတ်ပေးပြိုင်ပွဲတွင် ပထမရရှိပြီး အဆိုပါ ဘောလုံးရာသီ၌ပင် ပထမတန်း ကွင်းပိတ်(ရှုံးထွက်) ဘောလုံးပြိုင်ပွဲ၌ယှဉ်ပြိုင်ခဲ့ရာ ပထမရရှိခဲ့သည်။

၂၀၀၃-၂၀၀၄ခုနှစ် ဘောလုံး ရာသီတွင် ပထမတန်းသို့ တက်ရောက်ယှဉ်ပြိုင်သောအခါတွင် စီးပွား/ကူးသန်း(ခ)အသင်း အမည်အစား လယ်ယာထွက်ကုန်အသင်းဟု ပြောင်းလဲခဲ့သည်။ မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်၏ စည်းမျဉ်း စည်းကမ်းအရ အဆင့်မြင့်တန်း၌(က)အသင်း ရှိနေလျှင် (ခ) အသင်း အတန်းတက်ခွင့်မရနိုင်သည့် အချက်ပါဝင်နေသောကြောင့် အဆင့်မြင့်တန်းသို့ တက်ရောက်ရာတွင် အဆင်ပြေရန် အမည်ပြောင်းခဲ့ခြင်းဖြစ်သည်။

ပထမတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ၌ ဒုတိယဆုရရှိပြီး အဆင့်မြင့်တန်းသို့ တက်ရောက်ယှဉ်ပြိုင်ခွင့် ရရှိထားသောလယ်ယာထွက်ကုန်ဘောလုံးအသင်း၏ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ သိရှိနိုင်ရန် စီးပွား/ကူးသန်းဝန်ကြီးဌာနဘောလုံးဆပ်ကော်မတီနာယက မြန်မာ့ လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်နှင့် မြန်မာ့အလင်းကတွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

ပထမဦးစွာ လယ်ယာထွက်ကုန်ဘောလုံးအသင်း၏အဆင့်မြင့်တန်း၌ ယှဉ်ပြိုင်ရန်စီစဉ်ထားမှု အခြေအနေကို မေးမြန်းရာမြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်က "စီးပွား/ကူးသန်းအသင်းနှင့်လယ်ယာထွက်ကုန်အသင်းတို့ကို ဝန်ကြီးဌာနကိုယ်စားအောင်မြင်မှုရရှိရေးတာဝန်ယူဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ လယ်ယာထွက်ကုန်အသင်း၏ အဆင့်မြင့်တန်း၌မျှော်မှန်းချက်မှာအောင်မြင်မှုရရှိရေးပင် ဖြစ်ကြောင်း၊ သို့သော် အဓိက ရည်မှန်းချက်ကို ပြောရလျှင် တစ်ချိန်သော အခါက မြန်မာ့ဘောလုံးအားကစား အာရှ၌ ရွှေရောင်လွှမ်းပြီး ရေပန်းစား အောင်မြင်မှုရရှိခဲ့သလို ယနေ့အချိန်အခါတွင်လည်း အဆိုပါအောင်မြင်မှုမျိုး ပြန်လည်ရရှိရေးပင် ဖြစ်ကြောင်း၊ လယ်ယာထွက်ကုန်အသင်းမှထူးချွန်ထက်မြက်ပြီးနိုင်ငံတော်က အားထားရသည့်အားကစားသမားများ ပေါ်ထွက်လာရေးမှာ အဆုံးစွန်ရည်မှန်းချက်ဟု ပြောလိုကြောင်း၊ အဆင့်မြင့်တန်း၌ ရှိနေသော စီးပွား/ကူးသန်း အသင်းမှ အားကစားသမားများထဲမှလက်ရွေးစင်အားကစားသမားများ ပေါ်ထွက်လာသလို လယ်ယာထွက်ကုန်အသင်းမှလည်းလက်ရွေးစင်အားကစားသမားများ ပေါ်ထွက်လာရေး အားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ တစ်သင်းစာ လူ၂၀ထဲမှ မွေးထုတ်ပေးမည့်အစား လူ၄၀၊ ၅၀ ဆိုလျှင် နိုင်ငံတော်အတွက် အားကစားသမားကောင်းများ ပိုမိုပေါ်ထွက်လာမှာဖြစ်ကြောင်း၊ လယ်ယာထွက်ကုန်အသင်းကို အဆင့်မြင့်တန်းသို့ တက်ရောက်လာရေးအတွက် အောက်ခြေမှစ၍ စနစ်တကျ လုပ်ဆောင်ခဲ့ကြောင်း၊ စီးပွား/ကူးသန်းဝန်ကြီးဌာန ဝန်ကြီးဖလား လူငယ်ဘောလုံးပြိုင်ပွဲကျင်းပပြီး ပြည်နယ်နှင့်တိုင်း များမှ လူငယ်ဘောလုံးသမားများကို ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း၊ ယခင်က စီးပွား/ကူးသန်းအသင်းကြီးကို လူအင်အား ဖြည့်တင်းနိုင်ရန် စီးပွား/ကူးသန်း (ခ)အသင်းဟု အမည်ပေးကာ ဒုတိယတန်းမှ ဝင်ပြိုင်ခဲ့ရကြောင်း၊ ဒုတိယတန်း၌ ယှဉ်ပြိုင်သည့်အခါ တစ်နှစ်အတွင်း ပထမတန်းတက်ရမည်၊ အောင်မြင်ရမည်ဟု ရည်မှန်းချက် ချမှတ်ခဲ့ကြောင်း၊ ပထမတန်းသို့ရည်မှန်းသည့်အတိုင်းတစ်နှစ်အတွင်း တက်ရောက်နိုင်ခဲ့ကြောင်း၊ ပထမတန်းသို့ တက်ရောက်လာသောအခါ အဆင့်မြင့်တန်းသို့ တစ်နှစ်အတွင်း တက်ရမည်၊အောင်မြင်ရမည်ဟု ရည်မှန်းချက်ချမှတ်ပြီး လယ်ယာထွက်ကုန်အသင်းဟု အမည်ပြောင်းလဲခဲ့ကြောင်း၊တစ်ဖက်မှ အောင်မြင်မှုရရှိရေး ရည်မှန်းချက် ချမှတ်သလို အားပေးမှု၊ ထောက်ပံ့မှုများပေးခဲ့ကြောင်း၊ စည်းကမ်းပိုင်းကိုလည်း မလစ်ဟင်းစေရကြောင်း၊အဆင့်ဆင့်တာဝန်ပေးလုပ်ဆောင်ခဲ့ကြောင်း၊ ယခုကဲ့သို့ အောင်မြင်မှုရရှိခဲ့သည့် အဓိကအချက်မှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့၏ ပံ့ပိုးအားပေးမှုနှင့် အနီးကပ်စောင့်ရှောက်မှုကြောင့် ဖြစ်ကြောင်း၊ ဝန်ကြီးနှင့် ဒုတိယဝန်ကြီး တို့၏ အားပေးစောင့်ရှောက်မှုအလွန် အရေးပါကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ဆက်လက်၍ လယ်ယာထွက်ကုန်ဘောလုံးအသင်း ရေရှည်အောင်မြင်မှုရရှိရေးအတွက် စီမံချက်ချမှတ် လုပ်ဆောင်သွားမည့်အနေအထားကိုမေးမြန်းရာတွင် "လက်ရှိ အနေအထားအရ လယ်ယာထွက်ကုန်အသင်းသည်အဆင့်မြင့်တန်းမှ အသင်းတစ်ဝက်လောက်ကိုယှဉ်နိုင်ကြောင်း၊ယခုနှစ်မှအဆင့်မြင့်တန်းသို့တက်ရောက်လာသော်လည်း လူငယ်လက်ရွေးစင် အဆင့်မီသည့်အားကစားသမားများ ပါဝင်နေသဖြင့် အသင်းအတော်များများကို ယှဉ်နိုင်မည်ဖြစ်ကြောင်း၊ လယ်ယာထွက်ကုန်အသင်းနှင့်စီးပွား/ကူးသန်း(က)အသင်းကို လူကောင်းများ ပံ့ပိုးနိုင်ရန် ဒုတိယတန်း၌စီးပွား/ကူးသန်း(ခ)အသင်းဟူ၍ တစ်သင်းကစားနေကြောင်း၊ ဒီနှစ်မှစဖွဲ့၍ပြိုင်နေခြင်းဖြစ်ကြောင်း၊ စီးပွား/ကူးသန်း (ခ)အသင်းသည် အမှတ်ပေးပွဲ၌ ရှုံးပွဲမရှိဘဲ သရေတစ်ပွဲသာရှိကြောင်း၊ စီးပွား/ကူးသန်းဝန်ကြီး ဌာနဝန်ကြီးမှဘောလုံးအသင်းများ အတွက် "ပြိုင်လျှင် နိုင်ရမည်၊ ယှဉ်လျှင်သာရမည်"၊ "လေ့ကျင့်သား ပြည့်ဝမှုဖြင့်အနိုင်ယူပါ"၊ "ကြိုးစားလေ့ကျင့် အောင်ပွဲဆင့်"ဟူသော ဆောင်ပုဒ်များ ချမှတ်ပေးထားကြောင်း၊ မိမိအနေဖြင့်လည်း မည်သည့် ယှဉ်ပြိုင်မှုမဆို "နွားတစ်ဖျားမကဝါးတစ်ပြန်သာရမည်" ဟု စိတ်ဓာတ် သွင်းပေးထားကြောင်း၊ အားကစား သမားများ အနေဖြင့် အဆိုပါ အချက်များကို နှလုံးသွင်းပြီး ယှဉ်ပြိုင်စေလိုသည့် ရည်ရွယ်ချက်ဖြစ်ကြောင်း၊ ရေရှည်အောင်မြင်မှု ရရှိရေး အတွက် လုပ်ဆောင်နေမှုများလည်းရှိကြောင်း၊ ပြည်နယ်နှင့်တိုင်း များမှ ရွက်ပုန်းသီးအားကစားသမားများရရှိနိုင်ရန် နယ်အသီးသီးမှ ဌာနတာဝန်ခံများအားလူငယ်များကိုစည်းရုံး၍အသင်းထူထောင်ခိုင်းထားကြောင်း၊ အဆိုပါ အသင်းထဲမှ အကောင်းဆုံး အားကစားသမားအချို့ကို ရန်ကုန်သို့ ခေါ်ယူကာ လူရွေးမည်ဖြစ်ကြောင်း၊ ယခုအခါကစားသမား ၅၀ ကျော်ခန့် ရောက်ရှိနေကြပြီး မတ်လနောက်ဆုံးပတ်အတွင်း၌ ခြေစမ်းပွဲများ ကျင်းပပြီး လူရွေးချယ်လျက် ရှိကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

အဆင့်မြင့်တန်း၌စီးပွား/ကူးသန်းအသင်းနှင့်လယ်ယာထွက်ကုန်အသင်းတို့ ပေါင်းစပ် ညှိနှိုင်းယှဉ်ပြိုင်သွားမည့် အခြေအနေနှင့် အားကစားသမားများအား အားပေး ပံ့ပိုးမှုအခြေအနေများကို မေးမြန်းရာ ဦးဆောင်ညွှန်ကြားရေးမှူးဦးမင်းလှ အောင်က "အဆင့်မြင့်တန်း၌ နှစ်သင်းပြိုင်ရမည် ဖြစ်၍ လေ့ကျင့်မှုအပိုင်းနှင့် နည်းပြအပိုင်းကို သီးသန့်ထားရှိမည်ဖြစ်ကြောင်း၊ အားကစားသမားများကို နှစ်သင်းမျှထားမည် မဟုတ်ကြောင်း၊ စီးပွား/ကူးသန်း (က) အသင်းကို အကောင်းဆုံးထားမည်ဖြစ်ကြောင်း၊ နှစ်သင်းဆုံတွေ့လျှင် လျှော့မကစားဘဲအနိုင်ရရှိရေး အကြိတ်အနယ် ယှဉ်ပြိုင်မည် ဖြစ်ကြောင်း၊ ဗိုလ်လုပွဲ၌ ဆုံတွေ့ပါကလည်း ရေကုန်ရေခန်း ယှဉ်ပြိုင်ပြီး အနိုင်ရသူကပို၍ ဂုဏ်ပြု ခံရမှာဖြစ်ကြောင်း ၊ သို့သော် စီးပွား / ကူးသန်း(က) အသင်းကို အကောင်းဆုံးအသင်း၊ ပထမအသင်း အနေဖြင့်ထားမည် ဖြစ်ကြောင်း၊ အားကစားသမားများကို နေရေး၊ ထိုင်ရေး ကျန်းမာရေး အစစတာဝန် ယူပေးထားကြောင်း၊ စာမေးပွဲ ဖြေဆိုတာ၊ အိမ်ထောင်ပြုတာကအစ ကူညီပံ့ပိုးပေးကြောင်း၊ ကျောင်းသားများအတွက် အဆောင်တွင်ဆရာငှားကာ ညကျောင်းသဘောမျိုး စီစဉ်ပေးကြောင်း၊ ဘောလုံး သမားများကို သူတို့ဘဝအတွက် မပူပင်ရအောင်ဖန်တီးပေးထားကြောင်း၊ လယ်ယာထွက်ကုန်အသင်းနောက်ဆုံးပွဲ၌ အနိုင်ရရှိပြီးနောက် ပွဲပြီးပြီးချင်း ငွေကျပ်၁၀သိန်း ချီးမြှင့်ကြောင်း၊ အားကစား သမားများအားကျလာအောင်ယခုကဲ့သို့ဂုဏ်ပြုပွဲကျင်းပပေးခြင်း ဖြစ်ကြောင်း"မြန်မာ့အလင်းသို့ ပြောကြားသည်။

ပထမတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ဒုတိယရရှိပြီး အဆင့်မြင့်တန်းသို့ တက်ရောက်ခွင့်ရရှိသွားသော လယ်ယာထွက်ကုန် ဘောလုံးအသင်းတွင် အားကစားနှင့် ကာယပညာ ကော်မတီ ဦးဆောင်နာယက အဖြစ် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံ၊ အားကစားနှင့် ကာယပညာ ကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်း၊ ဘောလုံး ဆပ်ကော်မတီ နာယကအဖြစ် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်၊ ဘောလုံးဆပ်ကော်မတီ ဥက္ကဋ္ဌအဖြစ် အထွေထွေမန်နေဂျာ ဦးလှမော်ဦး၊ အသင်းအုပ်ချုပ်သူအဖြစ် ဒုတိယ အထွေထွေမန်နေဂျာ ဦးညွန့် အောင်၊ လက်ထောက်အုပ်ချုပ်သူအဖြစ် ဦးမြင့်သိန်းတို့ ပါဝင်ကြသည်။ နည်းပြအဖွဲ့တွင် ဦးသန်းအုန်း၊ ဦးဝင်းမြင့်နှင့် ဦးမျိုးထွန်းတို့ ပါဝင်ကြသည်။

အားကစားသမားများ အဖြစ် (ဂိုး)အောင်သန်းမြင့်၊ ဇာနည်မောင်၊ စိုးသန်းထွန်း၊ နိုင်ဇင်အောင်၊ (နောက်တန်း)မိုးဝင်း၊ မျိုးမင်းအောင်၊ ကျော်မျိုးမင်း၊ နိုင်လင်းထွန်း၊ အောင်သန်းထွေး၊ ကိုကိုအောင်၊ ကြည်ချစ်ကျော်၊ ဇော်ဇော်အောင်၊ (အလယ်တန်း) နိုင်ဝင်း၊ ကျော်စွာဝင်း၊ ကျော်ဇောအောင်၊ ကျော်ဝင်းခိုင်၊ ဇာနည်အောင်၊ သက်နိုင်ထွေး၊ လင်းလင်းထွန်း(ခ) မောင်မောင်မြင့်ကို၊ မိုးမင်းမင်းစိုး၊ အက်စ်နော်ဘား၊ (ရှေ့တန်း) မျိုးလှိုင်ဦး၊ စထက်နိုင်ဝင်း၊ အောင်ကျော်မြင့်နှင့် သန်းလှိုင်(ခ) မောင်မျိုးတို့ ပါဝင်ကြသည်။

လယ်ယာထွက်ကုန် ဘောလုံး အသင်းသည် ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်းကွင်းပိတ် (ရှုံးထွက်) ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် လေ့ကျင့်လျက်ရှိကြောင်း ဖော်ပြလိုက်ရပေသည်။ ။ **(မြန်မာ့အလင်း)**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လယ်ယာထွက်ကုန် ဘောလုံးအသင်း သုဝဏ္ဏ (ပြင်ပ) လေ့ကျင့်ရေးကွင်းတွင်လေ့ကျင့်နေကြစဉ်။** (ဓာတ်ပုံ-သိန်းဝင်းလေး၊ မြန်မာ့အလင်း)

**အဆင့်မြင့်တန်းသို့ တက်ရောက်သွားသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလယ်ယာထွက်ကုန်ဘောလုံးအသင်းအား နည်းပြများနှင့် အတူ သုဝဏ္ဏ (ပြင်ပ)လေ့ကျင့်ရေးကွင်းတွင်တွေ့ရစဉ်။**
(ဓာတ်ပုံ-သိန်းဝင်းလေး-မြန်မာ့အလင်း)

## ချစ်သမီးလေး မေဦးစီးအတွက် မွေးနေ့ဆုမွန်

